# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ တော်သလင်းလကွယ် ၊ ဗုဒ္ဓဟူးနေ့ ၊ (2-10-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၅၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတစ်ဝန်း လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း စတင်ကောက်ယူ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ မိသားစုအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များကောက်ယူခြင်းဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့၏ သန်းခေါင်စာရင်းမေးခွန်းများကို ပြည့်ပြည့်စုံစုံဖြေကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

ယနေ့မှစတင်၍ နိုင်ငံတစ်ဝန်း၌ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အောက်တိုဘာ ၁၅ ရက်ထိ ၁၅ ရက်ကြာ ကောက်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏မိသားစု လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဦးဆောင်သည့် သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ တပ်မတော်ဧည့်ရိပ်သာသို့လာရောက်၍ သန်းခေါင်စာရင်းကောက်ယူကြသည်။

သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့က သန်းခေါင်စာရင်းမေးခွန်းများကို မေးမြန်းဖြည့်စွက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည့်ပြည့်စုံစုံဖြေကြားခဲ့သည်။ **စာမျက်နှာ ၁၈ ကော်လံ ၁**




ရတနာပုံ
၂၀၂၄ ခုနှစ် အောက်တိုဘာ ၂ ရက်

အယ်ဒီတာ့အာဘော်

# နိုင်ငံတော်နှင့်လက်တွဲဖော်ဆောင် မွန်မြတ်စိတ်ထားလှူဒါန်းမှုများ

မြန်မာနိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်းရာဂီ၏အရှိန်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင်ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်၏ အရှိန်ကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ ရေကြီးရေလျှံမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ သည်။ ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက သဒ္ဓါတရားထက်သန်စွာဖြင့် ကူညီလှူဒါန်းမှုများ အဆက်မပြတ်ပြုလုပ်လျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ထိုသို့ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေလက်ခံခြင်းများကို ဆောင်ရွက်ခဲ့ရာတွင် စက်တင်ဘာ ၂၁ ရက်က နေပြည်တော် မြို့တော်ခန်းမ၌ကျင်းပပြုလုပ်သည့် ပထမအကြိမ် အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အလှူငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံကျော်ကိုလက်ခံရရှိခဲ့ပြီး စက်တင်ဘာ ၂၈ ရက်က နေပြည်တော် မြို့တော်ခန်းမ၌ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အလှူငွေကျပ် ၁၀ ဒသမ ၅ ဘီလီယံကျော်ကို လက်ခံရရှိခဲ့သည်။

စေတနာရှင်၊ အလှူရှင်များ၏ သဒ္ဓါတရားထက်သန်စွာဖြင့် ကူညီလှူဒါန်းမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကျေးဇူးတင်စကားပြောကြားရာတွင် **"မိမိတို့နိုင်ငံသားများအနေဖြင့် လူမှုရေးကိစ္စရပ်များတွင် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလိုသည့် စိတ်ရင်းစေတနာများ၊ အခြေခံစိတ်ဓာတ်ကောင်းများကို ဝမ်းမြောက်ဖွယ်တွေ့ရကြောင်း၊ ကောင်းမွန်ပြီး ဂုဏ်ယူဖွယ်ရာစိတ်ဓာတ်များပင်ဖြစ်ပြီး နိုင်ငံသားတိုင်းအနေဖြင့် ထိုကဲ့သို့ စိတ်ရင်းစေတနာ၊ စိတ်ဓာတ်ကောင်းတို့ဖြင့် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း"** စက်တင်ဘာ ၂၈ ရက်တွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနား၌ ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အလှူရှင်များ၏ သန့်ရှင်းသောစိတ်ဖြင့် လှူဒါန်းခဲ့သည့် လှူဒါန်းမှုများကို အမှန်တကယ်လိုအပ်နေသူများထံသို့ရောက်ရှိနိုင်ရေး စနစ်တကျစီမံခန့်ခွဲလျက်ရှိပြီး အရောင်အသွေး ကင်းရှင်းစွာဖြင့် လှူဒါန်းလာသည့် ပြည်ပမှလှူဒါန်းမှုများကိုလည်း စနစ်တကျလက်ခံဆောင်ရွက်ပေး လျက်ရှိသည်။ ထို့ပြင် ရေဘေးဒဏ်ကျရောက်ခဲ့ရသည့် ကျောင်းများအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကလေးငယ်များ၏ ပညာရေးနောက်ကျမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ရေဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းက စေတနာရှင်၊ အလှူရှင်များက သဒ္ဓါတရား ထက်သန်စွာဖြင့် အဆက်မပြတ်ကူညီလှူဒါန်းမှုများကို တွေ့မြင်ရသည့်မြင်ကွင်းသည် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။ အရေးကြုံရင်ကူညီဖေးမချင်သည့် မိမိတို့မြန်မာလူမျိုးများ၏ သဒ္ဓါမချို့သည့်စိတ်ဓာတ်ကောင်းများကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။ သို့ဖြစ်ရာ လိုအပ်ချိန်တွင် ကူညီဖေးမလှူဒါန်းပေးခြင်းသည် ရေဘေးဒဏ်သင့်ပြည်သူများ၏အနာဂတ်အတွက် အထောက်အကူပြုစေမည်ဖြစ်ရာ နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ကူညီလှူဒါန်းဒါနပြုသူများ၏ မွန်မြတ်သည့်စေတနာ၊ သဒ္ဓါတရားကို ဂုဏ်ယူဝမ်းမြောက်စွာဖြင့် သာခုအထူးခေါ်ဆိုမိပါကြောင်း ရေးသားလိုက်ရပါသည်။

# ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် မတ်ပဲအရောင်းအဝယ် ကောင်းမွန်လျက်ရှိ



**မန္တလေး အောက်တိုဘာ ၁**

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် မတ်ပဲ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း၌ မတ်ပဲဝယ်ယူမှုများပြားလာပြီး ပြည်ပကလည်း ဝယ်ယူမှုများပြားလာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း မတ်ပဲများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"မတ်ပဲက မန္တလေးဈေးကွက်အတွင်းမှာတော့ အဝယ်လိုက်တဲ့ကုန်စည်ထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အခုလတ်တလော ကြိုက်ရောင်း ကြိုက်ဝယ်တွေများလာပြီး အရောင်းအဝယ်ကလဲ တော်တော်လေး ပြန်ကောင်းလာတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း၌ ယနေ့ပေါက်ဈေးအရ မတ်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀ ထိ ပေါက်ဈေးရှိပြီး မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ် ကောင်းမွန်လာကြောင်း သိရသည်။

"မတ်ပဲက ပြည်တွင်းဈေးကွက်ထဲမှာလဲ အရောင်းအဝယ်ကောင်းနေတယ်။ နောက်ပိုင်း မတ်ပဲအရောင်းအဝယ် ဒီထက်ပိုပြီး ကောင်းမွန်လာမဲ့ အနေအထားမှာ ရှိပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မတ်ပဲကို မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(၁၈၄)

# ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၂၉၅၀ စိုက်ပျိုးမည်

**ဟုမ္မလင်း အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၂၉၅၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ဟုမ္မလင်းမြို့နယ်တွင် ဧက ၂၈၅၀၊ မိုပိုင်းလွတ်မြို့တွင် ဧက ၁၀၀ စုစုပေါင်း ဧက ၂၉၅၀ ဖြစ်ပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဟုမ္မလင်းခရိုင်အတွင်း ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့ သီးနှံတွေ စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်သီးနှံစုံအားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်စေဖို့၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်စေဖို့၊ ကျန်းမာရေးနဲ့ကိုက်ညီစေဖို့ တောင်သူတွေကို နည်းပညာတွေ ပေးသွားပါမယ်"ဟု ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဟင်းသီးဟင်းရွက် သီးနှံစုံစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များကို ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟုမ္မလင်းခရိုင်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်တွင် ဒေသထွက်ကောက်ရိုးမှိုများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျိုက်လတ် အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် ဒေသထွက်ကောက်ရိုးမှိုများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ် ဒေသထွက်ကုန်စိမ်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ် ကုန်စိမ်းဈေးကွက်တွင် စက်တင်ဘာလ ပထမပတ်မှယနေ့ထိ ကောက်ရိုးမှိုများ ဝယ်ယူမှုအားကောင်းနေပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ကောက်ရိုးမှိုများမှာ တစ်ရက်လျှင် ပိဿာချိန် ၃၀ မှ ၅၀ ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ဒေသထွက်ကုန်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ပြည်တွင်းစားသုံးမှု အားကောင်းလာလို့ အခုလို ကောက်ရိုးမှိုတွေ ဝယ်ယူမှုအားကောင်းနေပြီး အရောင်းအဝယ် ကောင်းနေတာပါ။ လက်ရှိ ကောက်ရိုးမှိုပိဿာချိန် တော်တော်များများ အရောင်းအဝယ်ဖြစ်နေပါတယ်။ ကောက်ရိုးမှိုတွေက တင်ပို့ရောင်းချနေရတာကြောင့် မှိုစိုက်ပျိုးသူတွေ၊ လုပ်ငန်းရှင်တွေနဲ့ ကုန်သည်တွေပါ အဆင်ပြေနေပါတယ်"ဟု ကျိုက်လတ်မြို့နယ်ဒေသထွက်ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသည့် ကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသမှ စိုက်ပျိုး ထွက်ရှိသည့် ကောက်ရိုးမှိုများသည် အရည်အသွေးကောင်းမွန်ပြီး ဓာတုဆေးဝါးကင်းလွတ်သည့်အတွက် စားသုံးသူများ ကြိုက်နှစ်သက်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဦးတင်ထွန်းဦး-ဒေါ်ခင်မာမာကို မိသားစုက ဦးထွန်းကြည်အား ရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုမင်္ဂလမဏ္ဍိဇောတရေ ဦးစိုးလင်း၊ ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်း တို့က လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၃၅၅၇၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၃၅၅၇၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၆၀၄၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၃၆၅၀၊ ကနီမြို့နယ်တွင် ၃၈၇၈၃ ဧကနှင့်ပုလဲမြို့နယ်တွင် ၅၇၁၀၁ ဧက စုစုပေါင်း ၁၃၅၅၇၉ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ယင်းမာပင်ခရိုင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကုလားပဲ ၁၃၅၅၇၉ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းကောင်းမွန်ဖို့နဲ့အရည်အသွေးကောင်းမွန်ဖို့ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေး လုပ်ငန်းတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက် ပေးသွားမှာပါ"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်၌ ကုလားပဲ စိုက်ပျိုးရာ၌ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း ၈ နှင့်ရေဆင်း ၁၁ မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ်သုံးသိန်းခန့်ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံသီးနှံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းထံမှ သိရသည်။

(၂၀၆)

# မိုင်းရှူးမြို့နယ် နောင်ဟေးကျေးရွာ၌ မြေသားလမ်းသဲဖြန့်ခင်းခြင်းလုပ်ငန်း စစ်ဆေး

**မိုင်းရှူး အောက်တိုဘာ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းအော့ကျေးရွာအုပ်စု နောင်ဟေးကျေးရွာ၌မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးရွာတွင်း မြေသားလမ်း သဲဖြန့်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်း၊ မြို့နယ်ဦးစီးမှူးနှင့် အင်ဂျင်နီယာဝန်ထမ်းများက နောင်ဟေးကျေးရွာ၌ မြေသားလမ်း သဲဖြန့်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လမ်းရေရှည်တည်တံ့အောင် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လအလိုက်ဖြည့်သွင်းရမည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့သည်။

နောင်ဟေးကျေးရွာ၌ကျေးရွာတွင်းလမ်း အရှည် ပေ ၁၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ သဲဖြန့်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၅ ဒသမ ၇၅ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာလ ပထမပတ်က ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကျားပျံစပါးတင်းရေ ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဟင်္သာတ အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကျားပျံစပါးတင်းရေ ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟင်္သာတမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာလွင်က ပြောပြ၍ သိရသည်။

ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ကျားပျံစပါးအမျိုးအစားတင်းရေ ၆၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ ကျားပျံစပါး အမျိုးအစား တင်းရေ ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ကျားပျံစပါး တင်းရေ ၈၂၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဟင်္သာတမြို့နယ်ကနေ စပါးတွေ၊ ဆန်တွေ နဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ကျားပျံစပါးအမျိုးအစားက အချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေလို့ အရောင်းအဝယ်ကောင်းခဲ့တာ ဖြစ်ပါတယ်။ ကျားပျံစပါး အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ကျားပျံစပါး အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်''ဟု ဟင်္သာတမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာလွင်က ပြောပြသည်။

ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လတစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံစပါးအမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၂၂၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# မြန်မာဇိသုကာပညာရှင် ဆရာဆိုင်

## မောင်သာ(ရှေးဟောင်းသုတေသန)



မြန်မာမှုဇိသုကာပညာရှင်
ဝဏ္ဏကျော်ထင် ဆရာဆိုင် (၁၈၈၁-၁၉၆၉)

မြန်မာ့သမိုင်းတစ်လျှောက် တစ်ချိန်က ခမ်းနားထည်ဝါစွာတည်ရှိခဲ့သည့် သစ်သားဘုန်းကြီးကျောင်းအဆောက်အအုံအများစုသည် ယခုအချိန်တွင် ပျက်စီးပျောက်ကွယ်ခဲ့ပြီဖြစ်သည်။ သို့သော်လည်း အစဉ်အဆက် ထိန်းသိမ်းထားနိုင်ခဲ့သည့် ကျောင်းတချို့ ကျန်ရှိနေသေးသဖြင့် မြန်မာမှုဇိသုကာလက်ရာများကို ယနေ့တိုင်မြင်တွေ့ကြရပြီး မြန်မာတို့၏ ဂုဏ်ယူဖွယ်အနုပညာ၊ အတတ်ပညာများကို လေ့လာနိုင်ကြပေသည်။

အပြောက်အမွမ်းများဖြင့် အံ့မခန်းလက်ရာမြောက်ခဲ့သည့် သစ်သားဘုန်းကြီးကျောင်းအဆောက်အအုံများကို တည်ဆောက်ခဲ့သည့် ပညာရှင်များကိုမူ မှတ်တမ်းမှတ်ရာ အားနည်းခဲ့မှုကြောင့် အပြည့်အစုံ မသိရှိနိုင်ခဲ့ပေ။

ထိုပညာရှင်များအားလုံးသည် မည်သည့်တက္ကသိုလ်တွင်မျှ ပညာဆည်းပူးခဲ့ကြသူများမဟုတ်ဘဲ ပညာရှင်များအဆက်ဆက်ထံတွင် တပည့်ခံကာ အလုပ်သင်အဖြစ် စတင်လုပ်ကိုင်လျက် ပညာအမွေကို ဆက်ခံခဲ့ကြသူများဖြစ်ခဲ့ကြသည်။ ဇိသုကာပညာကို တတ်မြောက်လာချိန်တွင် ဘုန်းကြီးကျောင်းများအပါအဝင် သစ်သားအဆောက်အအုံများကို မိမိတို့ ကိုယ်ပိုင်ကြံဆ တီထွင်ဆန်းသစ်မှုများဖြင့် တည်ဆောက်ခဲ့ကြသောကြောင့် မြန်မာမှုဇိသုကာလက်ရာများသည် ပိုမိုထွန်းသစ်လာခဲ့ကာ ပြည်ပနိုင်ငံသားများကပင် အံ့သြချီးမွမ်းခဲ့ကြရသည်။

၎င်းပညာရှင်များအနက် ရတနာပုံခေတ်နှောင်းပိုင်းတွင် ဖွားမြင်ခဲ့ပြီး ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးခေတ်တွင် လက်ရာအလွန်မြောက်လှသည့် သစ်သားအဆောက်အအုံများကို လက်စွမ်းပြတည်ဆောက်ခဲ့ သည့် မြန်မာဇိသုကာပညာရှင်တစ်ဦးမှာ ဆရာဆိုင် ဖြစ်သည်။

**ဖခင်အမွေခံ မောင်ဆိုင်**

ဇိသုကာ အကျော်အမော် ဆရာဆိုင်လောင်းလျာ မောင်ဆိုင်ကို ရတနာပုံခေတ် ပန်းပုပညာရှင် ဖခင် ဦးခင် နှင့် မိခင်ဒေါ်ကြင်တို့က သက္ကရာဇ် ၁၂၄၃ ခုနှစ် ကဆုန်လဆန်း ၆ ရက် (၁၈၈၁ ခုနှစ် မေလ ၃ ရက်)၊ အင်္ဂါနေ့တွင် အမရပူရမြို့ဟောင်း ချီပါရပ်၌ ဖွားမြင်ခဲ့သည်။

မောင်ဆိုင်သည် ပညာသင်ယူရမည့်အရွယ်သို့ ရောက်သောအခါ မိဘများက အမရပူရမြို့ဟောင်း အရှေ့တောင်ထောင့်ရှိ မြောက်မှန်ကျောင်းဆရာတော် ဦးသုနန္ဒထံတွင် ပညာသင်ယူစေခဲ့သည်။ မြောက်မှန်ကျောင်းသည် သာယာဝတီမင်း၏ သမီးတော် သီရိပဝရတိလောကရတနာမင်္ဂလာဒေဝီ တည်ဆောက်လှူဒါန်းခဲ့သည့်ကျောင်းဖြစ်ကာ မဟာဝိဇိတာရာမတိုက်အတွင်း၌ မဟာအောင်မြေဗိမာန်ကျောင်းတိုက်၏ အရံကျောင်းတစ်ကျောင်းဖြစ်သည်။ ကျောင်းတိုက်လှူဒါန်းပွဲသို့ အလျူရှင်မင်းသမီး၏ ခမည်းတော် သာယာဝတီမင်းကိုယ်တိုင်ကြွရောက်ပြီး ရေစက်သွန်းချခဲ့သည်။

မောင်ဆိုင်သည် မြောက်မှန်ကျောင်းပြာသာဒ်ဆောင်တွင်သီတင်းသုံးသည့် ဆရာတော် ဦးသုနန္ဒထံမှောက်တွင် ပညာသင်ယူနေစဉ် ဆရာတော်သည် ရွှေဘိုသို့ ကြွသွားပြီးပြန်မလာတော့သဖြင့် ဘောဂဆောင်တွင်သီတင်းသုံးသည့် ဆရာတော် ဦးနန္ဒိယထံတွင် ဆက်လက်ပညာသင်ယူခဲ့ရသည်။

မောင်ဆိုင်သည် မြောက်မှန်ကျောင်းတွင် ပညာသင်ယူနေသည့်ကာလတွင် မှန်ကျောင်းရှိ ဇိသုကာလက်ရာများနှင့် ပန်းပုလက်ရာများကို နေ့စဉ်မြင်တွေ့ခဲ့ရသည့်အပြင် တစ်ခါတစ်ရံ၌ မြောက်မှန်ကျောင်းအနီးရှိ တောင်မှန်ကျောင်းသို့လည်း သွားရောက်လေ့ရှိခဲ့သည်ဟုဆိုသည်။ ထို့ကြောင့် မောင်ဆိုင်သည် မြန်မာမှုဇိသုကာလက်ရာများနှင့် ငယ်စဉ်ကပင်ယဉ်ပါးခဲ့ကာ အိမ်တွင်လည်း ဖခင်၏ ပန်းပုလုပ်ငန်းကို နေ့စဉ်မြင်တွေ့နေခဲ့ရခြင်းသည် အောင်မြင်ထင်ရှားသည့် ဇိသုကာပညာရှင်တစ်ဦး ဖြစ်လာစေသည့် အကြောင်းတစ်ရပ်ဖြစ်ပေသည်။

မောင်ဆိုင်သည် အသက် ၁၄ နှစ် ရောက်သောအခါ ဥပဇ္ဈာယ်ဆရာတော် ဦးနန္ဒိယထံမှောက်တွင် တစ်လကြာ ကိုရင်ဝတ်ခဲ့ပြီးနောက် လူထွက်ကာ ကျောင်းမှပါထွက်ခဲ့သည်။ ကျောင်းမှထွက်ပြီးနောက် မောင်ဆိုင်သည် ဖခင်၏လုပ်ငန်းတွင် အလုပ်သင်အဖြစ်ဝင်ရောက်ကာ ပန်းပုပညာကိုသင်ယူခဲ့ရာ ပန်းပုံများကိုထုလုပ်နိုင်ရန် အချိုးမှန်၊ ပုံမှန်ရသည်ထိ မြေကြီးပေါ်တွင် ရေးလိုက်ဖျက်လိုက်ဖြင့် အပတ်တကုတ် ကြိုးစားအားထုတ်ခဲ့သည်။

မောင်ဆိုင်သည် ထိုသို့ နှစ်နှစ်ကြာစိတ်ဝင်တစား ကြိုးပမ်းသင်ယူမှုကြောင့် အသက် ၁၆ နှစ်အရွယ်တွင် ပန်းပုပညာကိုကောင်းစွာတတ်မြောက်ခဲ့သည်။

**ပန်းပုပညာအဆင့် ခုနစ်ဆင့်**

မြန်မာမှုပန်းပုပညာတွင် အဆင့် ခုနစ်ဆင့်ရှိပြီး ထိုအဆင့် ခုနစ်ဆင့်ကို ကုန်စင်အောင်တတ်မြောက်မှသာ စံချိန်မီ ပန်းပုဆရာဟု သတ်မှတ်နိုင်သည်။

ပန်းပုပညာတွင် အဦးဆုံးသင်ယူရသည့်အဆင့်သည် "စနုဖောက်"ခြင်းဖြစ်၍ ထိုအဆင့်တွင် သစ်သားပေါ်တွင် ပုံရေးဆရာဆွဲထားသည့်အတိုင်း ဖယ်ထုတ်ပစ်ရမည့်အကွက်များကို သစ်သားပြားပေါက်သွားသည်ထိ ဆောက်ဖြင့်ထွင်းခြင်းကို သင်ယူလေ့ကျင့်ကြရသည်။ ပန်းပုပညာတွင် ဤအဆင့်သည် အလွယ်ကူဆုံးဖြစ်သဖြင့် ပန်းပုအခြေခံပညာကိုသင်ယူသည့် ရှေးဦးသင်တပည့်များက ပြုလုပ်ကြရသည်။

စနုဖောက်ခြင်းကို ကျွမ်းကျင်စွာတတ်မြောက်သွားလျှင် "နံဘေးသိမ်း"အဆင့်ကိုသင်ယူရသည်။ ဤအဆင့်တွင် စနုဖောက်ထားသည့် ပန်းနွယ်ပန်းခက်များ၏ဘေးဘက်ရှိ အစအနများကို ညီညာလှပစေရန် လှီးထုတ်ရသဖြင့် စနုဖောက်ခြင်းထက် ပိုမိုအနုစိတ်လာပြီး သိမ်မွေ့သည်။

တတိယအဆင့်သည် "ပြောင်ပွတ်"ဖြစ်၍ အခေါ်အတိုင်း ပြောင်အောင်ပွတ်ရခြင်းဖြစ်သည်။ ဤအဆင့်တွင် ပန်းနွယ်ပန်းခက်တို့ကို ဆောက်ဖြင့် အချောသတ်ပေးရကာ ကောင်းစွာပုံပေါ်လာသည်ထိ အချောကိုင်ပေးရသည်။ ပြောင်ပွတ်အဆင့်ကို ကျွမ်းကျင်ပါက စတုတ္ထအဆင့်ဖြစ်သည့် "အချောသင်" အဆင့်ကို သင်ယူရသည်။ ဤအဆင့်တွင် ပန်းပွင့်၊ ပန်းနွယ်၊ ပန်းခက်များကို ခွဲတတ်စိတ်တတ်စေရန် ကောင်းစွာလှီးဖြတ်နိုင်မှုကို သင်ယူလေ့ကျင့်ရသည်။ ပဉ္စမအဆင့်သည် "အထစ်"ဖြစ်၍ အရွက်၊ အပွင့်၊ အသီး စသည့်နေရာများကို ထစ်ပေးပြီး အကြမ်းပုံဖော်ရသည့်အဆင့်ဖြစ်သည်။

ထိုအကြမ်းပုံဖော်ထားသည့် အရွက်၊ အပွင့်၊ အသီးများကို လှပသေသပ်စွာပုံဖော်သည့် အဆင့်သည် ဆဋ္ဌမအဆင့် "ပုံလောင်း"ဖြစ်သည်။ အထက်အဆင့်များတွင် မှားယွင်းမှုများရှိခဲ့လျှင် ဤအဆင့်တွင် ပြင်ရသည်။ အတက်အလက်များကိုလည်း ခွဲထုတ်ရကာ ဤအဆင့်ပြီးမြောက်လျှင် ပန်းပုလက်ရာများသည် အချောမကိုင်ထားသည့်တိုင် ထင်ရှားစွာပေါ်လွင်နေပြီဖြစ်သည်။ ပန်းပုပညာအဆင့် ခုနစ်ဆင့်တွင် "ပုံလောင်း"အဆင့်သည် အခက်ခဲဆုံးဖြစ်ပြီး ပန်းပုထုလုပ်ခြင်းပညာ၏ အပြီးသတ်အဆင့်ဖြစ်သော်လည်း ပန်းပုဆရာလုပ်မည့်သူများ မဖြစ်မနေ တတ်မြောက်ရမည့် "ပုံရေး"အဆင့်ကို သတ္တမအဆင့်အဖြစ် သတ်မှတ်ခဲ့သည်။ ပုံရေးအဆင့်သည် ပန်းပုဆရာ၏ စိတ်ကူးဉာဏ်ကွန့်မြူးမှုအပေါ်တွင်မူတည်ကာ ပန်းပုမထုတတ်သည့် ပုံရေးသီးသန့်ဆရာများလည်းရှိခဲ့သည်။

**ဆရာဆိုင်၏ ကနဦးလက်ရာ**

ပန်းပုပညာကို ကျွမ်းကျင်စွာ တတ်မြောက်ခဲ့ချိန်တွင် မောင်ဆိုင်သည် ဖခင်နှင့်အတူ လက်စွမ်းပြရမည့် အခွင့်အရေးတစ်ရပ်ကို ရရှိခဲ့သည်။ ရွှေတိဂုံစေတီရင်ပြင်ပေါ်တွင် တန်ဆောင်းဆောက်လုပ်လှူဒါန်းသည့် ဦးအောင်ကြီးသည် သူ၏တန်ဆောင်းတွင်တပ်ဆင်ရန် လင်းနို့တောင်ပန်းဆွဲထုလုပ်ပေးရန် ဆရာခင့်ထံ အပ်နှံခဲ့သည်။ သို့သော် ဆရာခင်သည် နာမည်ကျော်ပန်းပုဆရာ ဦးသံရောင် လက်ရာကို ယှဉ်ပြိုင်ထုလုပ်ရမည်ဖြစ်သည်။

တန်ဆောင်းအလှူရှင်တစ်ဦးဖြစ်သည့် ဦးဘိုးသာ၏ တန်ဆောင်းတွင် ဦးသံရောင် ထုလုပ်သည့် လင်းနို့တောင်ပန်းဆွဲကိုတပ်ဆင်ခဲ့ရာ လူအများက ချီးကျူးခဲ့ကြသည်။ ဦးအောင်ကြီးသည် ဦးသံရောင်၏လက်ရာထက်ပိုမိုကောင်းမွန်မည်ဟုယူဆလျက် ဆရာခင်ကို လုပ်ငန်းအပ်နှံခဲ့သည်။

လင်းနို့တောင်ပန်းဆွဲသည် မဏ္ဍပ်၊ တန်ဆောင်း စသည်တို့တွင် နဖူးစည်းနှင့်တိုင်ဖုံးကြား ထောင့်နေရာ၌ တပ်ဆင်ရသည့် အဆင်တန်ဆာ ပန်းပုလက်ရာဖြစ်သည်။ လင်းနို့တောင်ပန်းဆွဲအစိတ်အပိုင်းတွင် နားဋ္ဌောင်းကြိုး၊ ကိုက်၊ ရွက်မှောက်၊ ရွက်ခေါက်၊ အဖူး၊ အပွင့်၊ သီးအိုး၊ အနွယ်လိမ် စသည့် ကနုတ်ပန်း အင်္ဂါရပ်များကို ထည့်သွင်းထုလုပ်ကြသည်။

လုပ်ငန်းစတင်ဆောင်ရွက်ချိန်တွင် ဆရာခင်သည် ပုံကိုရေးပေးပြီး သားဖြစ်သူ မောင်ဆိုင်က အမရပူရ ချီပါရပ်၌ပင် အပြီးတိုင်ထုလုပ်ခဲ့သည်။ ထုလုပ်ပြီးစီးသောအခါ လင်းနို့တောင်ပန်းဆွဲကို ရန်ကုန်မြို့သို့ မီးရထားဖြင့်သယ်ယူ၍ သက္ကရာဇ် ၁၂၆၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်တွင် ဦးအောင်ကြီး၏ တန်ဆောင်း၌ တပ်ဆင်ခဲ့ရာ ဦးသံရောင်က မိမိထုလုပ်သည့် လင်းနို့တောင်ပန်းဆွဲထက်သာလွန်ပါကြောင်းဝန်ခံခဲ့ရာ ဆရာခင်နှင့် မောင်ဆိုင်တို့ သားအဖသည် အလွန်နာမည်ကြီးသွားခဲ့သည်။

ဆရာခင်၏လက်ရာ လင်းနို့တောင်ပန်းဆွဲသည် ရွှေတိဂုံစေတီတော် အနောက်ဘက်စောင်းတန်း မီးလောင်စဉ် မီးဘေးသင့်ရာတွင် ပါသွားခဲ့သဖြင့် မရှိတော့ပါချေ။

**ဆရာဆိုင်၏ ထင်ရှားသော လက်ရာများ**

ဆရာဆိုင်သည် အသက် ၂၂ နှစ်တွင် မန္တလေးမြို့ စာတိုက်တန်းမှ မအေးကြွယ်နှင့် အိမ်ထောင်ကျကာ ဇနီးသည်နေအိမ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကာထိုအရပ်၌ တွင်ကျယ်နေသော အလုပ်တစ်ခုဖြစ်သည့် မှန်စီရွှေချလုပ်ငန်းကို သင်ယူခဲ့သည်။ ဆရာဆိုင်နှင့် ဒေါ်အေးကြွယ်တို့သည် သားသမီးလေးဦး ထွန်းကားခဲ့ပြီး ၁၂၈၀ ပြည့်နှစ်တွင် ဇနီး ဒေါ်အေးကြွယ် ကွယ်လွန်ခဲ့သည်။

ခရစ်နှစ် ၁၉၂၄ ခုနှစ် ဧပြီလမှအောက်တိုဘာလထိ ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ဝင်ဗလေပြပွဲကိုပြုလုပ်ခဲ့ရာ ဗြိတိသျှအင်ပါယာလက်အောက်ခံနိုင်ငံများမှ အနုပညာလက်ရာများကို စုစည်းပြသခဲ့သည်။ ထိုပြပွဲတွင် မြန်မာပြည်ပြခန်းဖြစ်သည့် ဆရာဆိုင်၏လက်ရာ ပြာသာဒ်ဆောင်သည် အလွန်လက်ရာမြောက်သဖြင့် ဆရာဆိုင်သည် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ရွှေနာရီတစ်လုံးကို ဆုအဖြစ် ရရှိခဲ့သည်။ ဆရာဆိုင်၏လက်ရာကို ဝင်ဗလေပွဲသို့ လာရောက်သည့် ပရိသတ်များမြင်တွေ့သဘောကျခဲ့ကြသည်။ ဝင်ဗလေပြပွဲသို့ ပရိသတ် ၂၇ သန်းကျော် လာရောက်ကြည့်ရှုခဲ့ကြသည်။

သက္ကရာဇ် ၁၂၈၇ ခုနှစ်တွင် ဆရာဆိုင်သည် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်စံပယ်သည့် ပလ္လင်ကို မွမ်းမံခြယ်လှယ်ခဲ့ရသည်။ ထိုနှစ် ပြာသိုလဆန်း ၁၃ ရက်နှင့် ၁၄ ရက်တွင်ကျင်းပသည့် ရေစက်ချပွဲတွင် ရေစက်ချဆုတောင်းစာ၌ "ပန်းပုနှင့် သစ္စေးသားရိုး၊ ပြောက်မျိုးအရာနှိုက်၊ ပါရဂူမြောက်သော ဆရာဆိုင်" ဟု ချီးမြှောက်ဂုဏ်ပြုခဲ့သည်။

ဆရာဆိုင်တည်ဆောက်ခဲ့သည့် လက်ရာများစွာအနက် အိမ်တော်ရာပြာသာဒ်၊ မဟာသကျသီဟပြာသာဒ် ခြောက်ဆူနှင့် မဟာမုနိဘုရားကြီး အရှေ့မုခ်ဦးပြာသာဒ်တို့သည် အထင်ရှားဆုံးနှင့် လက်ရာအမြောက်ဆုံးဖြစ်သည်။ နိုင်ငံတော်အစိုးရက ဆရာဆိုင်ကို ၁၃၁၉ ခုနှစ်တွင် ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်ခဲ့သည်။

ဆရာဆိုင်သည် နောက်ဆုံးလက်ရာအဖြစ် မန္တလေးမြို့ ၈၅ လမ်းတွင် ပရိယတ္တိသာသနဟိတအသင်း သုံးထပ်ဗိမာန်တော်ကို တည်ဆောက်ခဲ့ကာ ၁၃၃၁ ခုနှစ် ဒုတိယဝါဆိုလဆန်း ၆ ရက် (၁၉၆၉ ခုနှစ် ဇူလိုင် ၂၀ ရက်)တွင် ကွယ်လွန်ခဲ့ရာ ကွယ်လွန်ချိန်တွင် ဆရာဆိုင်၏အသက်သည် ၈၈ နှစ်နှင့် သုံးလဖြစ်သည်။

**ကိုးကား**

- မြန်မာဇိသုကာပညာရှင် ဆရာဆိုင် (အရှင်သီလာ နန္ဒာဘိဝံသ)
- မန္တလေးသူမန္တလေးသားများ(လူထုဒေါ်အမာ)
- ဝိဟာရအမွှမ်း(မောင်မောင်သီရိ)

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကျောက်မြောင်းမြို့နယ်ခွဲ၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆောင်းနှမ်း ၁၃၁၂၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကျောက်မြောင်း အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲ၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆောင်းနှမ်း ၁၃၁၂၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းနှမ်း ၁၃၁၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ ဆောင်းနှမ်းဧက ၁၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်။ နှမ်းကို မိုးမှာထက် ဆောင်းမှာပဲစိုက်ပျိုးကြတာဖြစ်ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ဆောင်းနှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အသိပညာများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြား စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့်လည်း စိုက်ပျိုးသီးနှံများ ပိုမိုဖြစ်ထွန်းပြီး အကျိုးစီးပွားများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

## ပရဟိတမေတ္တာရှင်

\- ပူမှုကြုံလာ သောကဖြာသည့်
များစွာလူပေါင်း အေးစေကြောင်းကို
စိတ်ကောင်းမွေးကာ ပေးမေတ္တာကြောင့်
သူငါငြိမ်းအေး သောကဝေး၍
ပူဆွေးဗျာပါ ကင်းစေသူ။

\- မေတ္တာရှင်သည် ကြည်လင်အေးမြ
ဖြူစင်လှ၍ ဖေးမကူညီ
များတွက်ရည်ကာ တူညီမေတ္တာ
ဖြန့်ဝေကာဖြင့် ချမ်းသာဆင်းရဲ
ခွဲခြားမရှိ ကူညီ၏။

\- မေတ္တာရှင်များ နှလုံးသားမှာ
လေးစားဖွယ်ပင် ဖြူသန့်စင်ကာ
ဂုဏ်အင်လေးမြတ် ထိုစိတ်ဓာတ်ကြောင့်
အတ္တကိုယ်ကျိုး နှိမ်ဖယ်ချိုး၍
မြတ်နိုးခိုင်ကျည် များတွက်ရည်ကာ
ဦးတည်ဆောင်ရွက် ရှေ့သို့ဆက်သော်
တိုးတက်အောင်မြင် လုပ်ငန်းတွင်
ပရဟိတ မေတ္တာရှင်။ ။

မောင်လေပြေ(တောင်တွင်း)

## ပင်းတယမြို့နယ် မြေနီကျင်းကျေးရွာ၌ နဝမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပင်းတယ အောက်တိုဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျုံကျေးရွာအုပ်စု မြေနီကျင်းကျေးရွာ၌ နဝမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်လွင်ဦးက မြေနီကျင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်နှင့် တိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြေနီကျင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ လုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၄၆ ဦးကို နဝမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကျပ် ၅၁၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်ခိုင်**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➢ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ဆောင်းဦးရာသီကာလတွင် စစ်မှုထမ်းဦးရေ ၁၃၃၀၀၀ ခေါ်ယူရန် ရုရှားသမ္မတပူတင် ညွှန်ကြား



**မော်စကို အောက်တိုဘာ ၁**

ဆောင်းဦးရာသီ စစ်မှုထမ်းသစ်ခေါ်ယူရေး အစီအစဉ်အရ စစ်မှုထမ်းဦးရေ ၁၃၃၀၀၀ ခေါ်ယူရန် ရုရှားသမ္မတပူတင်က စက်တင်ဘာ ၃၀ ရက်တွင် ညွှန်ကြားထားကြောင်း သိရသည်။

သမ္မတပူတင်၏ ညွှန်ကြားချက်အရ ဆောင်းဦးရာသီစစ်မှုထမ်းသစ်ဆင့်ခေါ်မှုကာလအတွင်း အသက် ၁၈ နှစ်နှင့် ၃၀ ကြားရှိသူများကို စစ်မှုထမ်းသစ်များအဖြစ် ဖက်ဒရယ် ဥပဒေများနှင့်အညီ ဆင့်ခေါ်မည်ဖြစ်သည်။

ရုရှားနိုင်ငံ၏ ဆောင်းဦးရာသီ စစ်မှုထမ်းသစ် ဆင့်ခေါ်မှုကာလသည် ယနေ့တွင်စတင်၍ ယခုနှစ်ကုန်ပိုင်းတွင် ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

ဆောင်းဦးရာသီ စစ်မှုထမ်းသစ် ဆင့်ခေါ်ရေးအစီအစဉ်အရ ဆင့်ခေါ်မည့် တပ်သားသစ်များအနေဖြင့် ရုရှားပြည်တွင်းတပ်ရင်းတပ်ဖွဲ့များတွင်သာ ၁၂လကြာ အမှုထမ်းရမည်ဖြစ်ကြောင်း ရုရှားအစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ စစ်မှုထမ်းသစ်များအနေဖြင့် ယူကရိန်းအရှေ့ပိုင်း အထူးစစ်ဆင်ရေးများ၌ ပါဝင်ရမည်မဟုတ်ကြောင်း ရုရှားတပ်မတော်စစ်မှုထမ်းဆင့်ခေါ်ရေးရုံးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရုရှား၏ လက်ရှိပုံမှန်တပ်ဖွဲ့ဝင်အင်အားကို ၁၈၀၀၀၀ ထပ်တိုး၍ ၁ ဒသမ ၅ သန်းထိ မြှင့်တင်ရန် ရုရှားသမ္မတပူတင်က စက်တင်ဘာလအတွင်း ညွှန်ကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# ပြင်သစ်ရဟတ်ယာဉ်တင်သင်္ဘော မြေထဲပင်လယ်သို့ ထွက်ခွာ

**ပဲရစ် အောက်တိုဘာ ၁**

ပြင်သစ်ရေတပ်မှ ရဟတ်ယာဉ်တင် သင်္ဘောတစ်စီးသည် နောင်လာမည့် ငါးရက်နှင့် ခြောက်ရက်ကြား ကာလတွင် မြေထဲပင်လယ်ဒေသသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း ယနေ့ သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ရဟတ်ယာဉ်တင်သင်္ဘောသည် လက်ဘနွန်မှပြည်ပနိုင်ငံသားများကို အရေးပေါ်ကယ်ထုတ်ရေးအတွက် အသင့်အနေအထား နေရာယူထားမည်ဖြစ်ကြောင်း ပြင်သစ်တပ်မတော်တာဝန်ရှိသူများက ယနေ့တွင် အတည်ပြုပြောကြားထားသည်။

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ကြား စစ်ပွဲဖြစ်ပွားခဲ့ပါက လက်ဘနွန်နိုင်ငံအတွင်းရှိ သက်ဆိုင်ရာနိုင်ငံသားများကို အရေးပေါ်ခေါ်ထုတ်နိုင်ရေးအတွက်နည်းလမ်းများကို ပြင်သစ်အပါအဝင် အနောက်အုပ်စုနိုင်ငံများက ချိန်ဆလျက်ရှိသည်။

လက်ရှိအချိန်တွင် ပြင်သစ်ရေတပ်မှ ဒစ်မက်ခ်အမည်ရှိ ရဟတ်ယာဉ်တင် သင်္ဘောသည် မြေထဲပင်လယ်ဒေသသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း ပြင်သစ်တပ်မတော်က သတင်းထုတ်ပြန်ထားသည်။

လက်ဘနွန်နိုင်ငံ၌ ပြင်သစ်နိုင်ငံသားပေါင်း ၂၀၀၀၀ ခန့်ထိ ရောက်ရှိနေကြောင်း ပြင်သစ်အစိုးရတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

ပြင်သစ် နိုင်ငံခြားရေးဝန်ကြီး ဘားရော့ လက်ဘနွန်နိုင်ငံသို့သွားရောက်ခဲ့ပြီး ရက်ပိုင်းအကြာမှာပင် ပြင်သစ်တပ်မတော်က ရဟတ်ယာဉ်တင်သင်္ဘော ဒစ်မက်ခ်ကို မြေထဲပင်လယ်ဒေသသို့ စေလွှတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# လက်ဘနွန်နိုင်ငံတောင်ပိုင်းဒေသများအတွင်း ထိုးဖောက်ဝင်ရောက်၍ ဟစ်ဇ်ဘိုလာပစ်မှတ်များကို စီးနင်းတိုက်ခိုက်ခဲ့ဟု အစ္စရေးတပ်မတော်ပြောကြား

**ဂျေရုဆလင် အောက်တိုဘာ ၁**



အစ္စရေးမြေပြင်တပ်များသည် ယနေ့တွင် လက်ဘနွန်နိုင်ငံတောင်ပိုင်းဒေသများအတွင်း ထိုးဖောက်ဝင်ရောက်၍ ဟစ်ဇ်ဘိုလာပစ်မှတ်များကို စီးနင်းတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အစ္စရေး လေကြောင်းချီ တပ်ဖွဲ့ဝင်များနှင့် အထူးကွန်မန်ဒို တပ်ဖွဲ့ဝင်များက လက်ဘနွန်တောင်ပိုင်း၌ မြေပြင်စစ်ဆင်ရေးများပြုလုပ်နေကြောင်း အစ္စရေးတပ်မတော်က အတည်ပြုထားသည်။

အစ္စရေး တပ်မတော်သည် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုကို ရက်အတန်ကြာမျှ အပြင်းအထန် တိုက်ခိုက်ခဲ့ပြီးနောက် လက်ဘနွန်တောင်ပိုင်း၌ မြေပြင်စစ်ဆင်ရေးများ စတင်နေခြင်းဖြစ်သည်။

အစ္စရေးတပ်မတော်က စက်တင်ဘာ ၂၇ ရက်တွင် လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့၌ ပြုလုပ်ခဲ့သော လေကြောင်း တိုက်ခိုက်မှုတွင် ဟစ်ဇ်ဘိုလာခေါင်းဆောင် နာဆရယ်လာသေဆုံးခဲ့ရာ အစ္စရေးနှင့် ဟစ်ဇ်ဘိုလာကြား စစ်ရေးတင်းမာမှုပို၍ မြင့်တက်လာခဲ့ရသည်။

လက်ဘနွန်တောင်ပိုင်း၌ ပြုလုပ်နေသည့် မြေပြင်စစ်ဆင်ရေးကို အစ္စရေးလေတပ်နှင့် အမြောက်တပ်တို့က အထောက်အကူပေးခဲ့ကြောင်း အစ္စရေးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့သည် ၂၀၀၆ ခုနှစ်တွင် နောက်ဆုံးတစ်ကြိမ် စစ်ပွဲဖြစ်ပွားခဲ့ပြီး စစ်ပွဲကာလတစ်လတာကြာမြင့်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ထိုင်းနိုင်ငံ၌ ကျောင်းကားမီးလောင်မှုဖြစ်ပွား လူပေါင်း ၂၅ ဦး သေဆုံးခဲ့ဟုဆို

**ဗန်ကောက် အောက်တိုဘာ ၁**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့စွန်၌ ကျောင်းသားများနှင့် ဆရာ၊ ဆရာမများ လိုက်ပါလာသည့် ကျောင်းကားတစ်စီး ယနေ့တွင် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ လူပေါင်း ၂၅ ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါ ကျောင်းကားသည် ကွင်းဆင်းခရီးစဉ် တစ်ခုအတွက် ဥထိုင်းသာနီပြည်နယ်မှ ထွက်ခွာလာသည့် ကျောင်းကားဖြစ်ကြောင်း ထိုင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကျောင်းကားမီးလောင်ကျွမ်းမှုဖြစ်စဉ်အတွင်း လူပေါင်း ၁၆ ဦးလည်း ဒဏ်ရာများရရှိခဲ့ရာ ဆေးရုံသို့တင်ပို့ထားရကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကျောင်းကားမီးလောင်မှုအတွင်း သေဆုံးသူနှင့် ဒဏ်ရာရသူအရေအတွက် အတိအကျကို ရဲတပ်ဖွဲ့က အတည်ပြုကြေညာခြင်းမရှိသေးကြောင်း သိရသည်။

သို့ရာတွင် ထိုင်းအစိုးရ ပြည်ထဲရေးဝန်ကြီးဌာန၏ အဆိုအရ ကျောင်းကားမီးလောင်မှုအတွင်း ၂၅ ဦးခန့် သေဆုံးခဲ့ရကြောင်း သိရသည်။

ကနဦးရရှိထားသော သတင်းများအရ မီးလောင်မှုဖြစ်ပွားခဲ့သည့် ကျောင်းကားပေါ်တွင် ကျောင်းသား ၃၈ ဦးနှင့် ဆရာ ခြောက်ဦးအပါအဝင် လူပေါင်း ၄၄ ဦးလိုက်ပါလာသည်ဟု ထိုင်းတာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# ဂျမ္မူးနှင့် ကက်ရှ်မီးယားလွှတ်တော်ရွေးကောက်ပွဲ နောက်ဆုံးအဆင့် အိန္ဒိယအစိုးရကျင်းပ

**ဒေလီ အောက်တိုဘာ ၁**

အိန္ဒိယနိုင်ငံ ဂျမ္မူးနှင့်ကက်ရှ်မီးယားဒေသလွှတ်တော်ရွေးကောက်ပွဲနောက်ဆုံးအဆင့်ကို ယနေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ရွေးကောက်ပွဲသည် ဂျမ္မူးနှင့်ကက်ရှ်မီးယားဒေသအထူးကိုယ်ပိုင် အုပ်ချုပ်ခွင့်အာဏာကို အိန္ဒိယဗဟိုအစိုးရက ရုပ်သိမ်းခဲ့ပြီးနောက်ပိုင်း ပထမဆုံးကျင်းပသည့် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဖြစ်သည်။

ဂျမ္မူးနှင့် ကက်ရှ်မီးယားလွှတ်တော်ရွေးကောက်ပွဲတတိယအဆင့်ကို မဲဆန္ဒနယ်မြေ ခုနစ်ခုတို့၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

ဂျမ္မူးနှင့် ကက်ရှ်မီးယား လွှတ်တော် ရွေးကောက်ပွဲနောက်ဆုံးအဆင့်တွင် ပြည်နယ်လွှတ်တော်အမတ် ၄၀ တို့ကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃ ဒသမ ၉သန်းတို့က မဲပေးရွေးချယ်ကြမည်ဖြစ်သည်။

ဂျမ္မူးနှင့် ကက်ရှ်မီးယားပြည်နယ် လွှတ်တော်ရွေးကောက်ပွဲ ဆန္ဒမဲများကို အောက်တိုဘာ ၈ ရက်တွင် စတင်ရေတွက်မည်ဖြစ်ကြောင်း သိရသည်။

ဂျမ္မူးနှင့် ကက်ရှ်မီးယား လွှတ်တော်ရွေးကောက်ပွဲ ပထမအဆင့်ကို စက်တင်ဘာ ၁၈ ရက်တွင် ကျင်းပခဲ့ပြီး ဒုတိယအဆင့်ကို စက်တင်ဘာ ၂၅ ရက်တွင် ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ပြန်လည်ရယူနိုင်၊ ပြန်လည်အသုံးပြုနိုင်သည့် ရှီကျိယန်-၁၉ ဂြိုဟ်တုတစ်စင်းကို တရုတ်နိုင်ငံက အောင်မြင်စွာလွှတ်တင်ခဲ့



**ပေကျင်း အောက်တိုဘာ ၁**

တရုတ်နိုင်ငံသည် ရှီကျိယန်-၁၉ အမည်ရှိ ပြန်လည်ရယူနိုင်၊ ပြန်လည်အသုံးပြုနိုင်သည့် ဂြိုဟ်တုတစ်စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း စက်တင်ဘာ ၃၀ ရက်သတင်းများတွင် ရေးသားတင်ပြထားသည်။

အဆိုပါဂြိုဟ်တုကို စက်တင်ဘာ ၂၈ ရက်က လောင်းမတ်ချ်-၂ ဒီ ဒုံးပျံဖြင့် ဂိုဟီသဲကန္တာရဒေသ ချီကွမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၂ ဒီ ဒုံးပျံသည် ရှီကျိယန်-၁၉ ဂြိုဟ်တုကို ကမ္ဘာပတ်လမ်း အနိမ့်ပိုင်းသို့ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ရှီကျိယန်-၁၃ ဂြိုဟ်တုသည် ကမ္ဘာပတ်လမ်းပေါ်တွင် အပင်နှင့် တိရစ္ဆာန် မျိုးဖောက်မှုများကို စမ်းသပ်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် ရှီကျိယန်-၁၉ ဂြိုဟ်တုသည် အမြင့် ၃၃၉ ကီလိုမီတာအကွာရှိ ကမ္ဘာပတ်လမ်းကြောင်းပေါ်တွင်ရှိနေကြောင်း သိရသည်။

အလေးချိန် ကီလိုဂရမ် ၃၅၀၀ ရှိသည့် ရှီကျိယန်-၁၉ ဂြိုဟ်တုသည် ရေတိုမစ်ရှင်အားဖြင့် ကမ္ဘာပတ်လမ်းကြောင်းပေါ်တွင် သီတင်းနှစ်ပတ်ကြာ ပျံသန်း၍ကမ္ဘာပေါ်သို့ပြန်လည်ဆင်းသက်နိုင်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## United Launch Alliance ကုမ္ပဏီက ဗော်လ်ကန်စင်တော်ဒုံးပျံ ဒုတိယမြောက်မစ်ရှင်အတွက် ပြင်ဆင်မှုများပြုလုပ်နေ

**ဝါရှင်တန် အောက်တိုဘာ ၁**

အမေရိကန်နိုင်ငံ အခြေစိုက် United Launch Alliance (ULA) ကုမ္ပဏီသည် ဗော်လ်ကန်စင်တော်ဒုံးပျံဒုတိယမြောက်မစ်ရှင်အတွက် ပြင်ဆင်မှုများပြုလုပ်နေကြောင်း စက်တင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

ULA ကုမ္ပဏီသည် စက်တင်ဘာ ၃၀ ရက်တွင် ဗော်လ်ကန်စင်တော်ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်း ပစ်စင်အမှတ် SLC-41 သို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ULA သည် ဗော်လ်ကန်စင်တော်ဒုံးပျံကို အောက်တိုဘာ ၄ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် အောက်တိုဘာ ၄ ရက်မစ်ရှင်တွင် ဗော်လ်ကန်စင်



တော်ဒုံးပျံသည် မည်သည့်ဂြိုဟ်တုမျှ သယ်ယူသွားမည်မဟုတ်ကြောင်း သိရသည်။

ULA သည် ဗော်လ်ကန်စင်တော်ဒုံးပျံကို ယခုနှစ် ဇန်နဝါရီလတွင် ပထမဆုံးအကြိမ် လွှတ်တင်ခဲ့ရာ ၎င်းမစ်ရှင်တွင် အက်စထရိုဘော့တစ် နည်းပညာကုမ္ပဏီ၏ Peregrine လဆင်းယာဉ်ကို ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ULA ကုမ္ပဏီသည် မူလက ဗော်လ်ကန်စင်တော်ဒုံးပျံ ဒုတိယမစ်ရှင်တွင် ဆီအာရာစပေ့စ်ကုမ္ပဏီ၏ ဒရမ်းချေဘာ အာကာသယာဉ်ကို လွှတ်တင်ပေးရန် စီစဉ်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## အနာဂတ်လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင်များ၌ အာကာသယာဉ်မှူးများ အသုံးပြုမည့် လကမ္ဘာအာကာသဝတ်စုံသစ်ကို ထုတ်ဖော်ပြသခဲ့

**ပေကျင်း အောက်တိုဘာ ၁**

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် အနာဂတ်လကမ္ဘာစူးစမ်းလေ့လာရေး မစ်ရှင်များ၌ အာကာသယာဉ်မှူးများ အသုံးပြုမည့် လကမ္ဘာအာကာသဝတ်စုံသစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း စက်တင်ဘာ ၃၀ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အဆိုပါ လကမ္ဘာအာကာသယာဉ်မှူး ဝတ်စုံသစ်ကို တရုတ်အမျိုးသား အာကာသအေဂျင်စီ တာဝန်ရှိသူများက ချုံကင်မြို့တော် အခမ်းအနားတစ်ခု၌ စက်တင်ဘာ ၂၈ ရက်တွင် ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ၂၀၃၀ ပြည့်နှစ်မတိုင်မီ လပေါ်သို့ အာကာသယာဉ်မှူးများစေလွှတ်ရန် ရည်ရွယ်ထားရာ ၎င်းရည်ရွယ်ချက်အရ လကမ္ဘာအာကာသ ဝတ်စုံသစ်ကို ဖန်တီးထားခြင်းဖြစ်သည်။

အဆိုပါ အာကာသဝတ်စုံသည် အပူချိန်ပြင်းထန်သည့် လကမ္ဘာပတ်ဝန်းကျင်နှင့် သဲမှုန်များ တိုးတိုက်မှုဒဏ်မှ အာကာသယာဉ်မှူးများကို ကာကွယ်ပေးမည်ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိအချိန်တွင် တရုတ်အမျိုးသား အာကာသအေဂျင်စီသည် လပေါ်သို့ လူသားများပို့ဆောင်ရေးအတွက် လောင်းမတ်ချ်-၁၀ ဒုံးပျံကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် အာကာသယာဉ်မှူးများလိုက်ပါမည့် လဆင်းယာဉ်ဒီဇိုင်းပုံစံကိုလည်း ရေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## အရက်သေစာ အလွန်အကျွံသောက်စားပါက ကင်ဆာရောဂါခြောက်မျိုး ဖြစ်ပွားနိုင်ခြေမြင့်တက်နိုင်

**နယူးယောက် အောက်တိုဘာ ၁**

အရက်သေစာ အလွန်အကျွံသောက်စားပါက ကင်ဆာရောဂါအမျိုးအစားခြောက်မျိုး ဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၃၀ ရက် သတင်းများတွင် ရေးသားထားကြောင်း သိရသည်။

အရက်သေစာကို ရေရှည် အလွန်အကျွံ သောက်စားပါက ဦးခေါင်းနှင့် လည်ပင်းကင်ဆာ အပါအဝင် ကင်ဆာရောဂါခြောက်မျိုးဖြစ်ပွားနိုင်ခြေ မြင့်မားလာနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ထို့ပြင် အရက်သေစာကို အသက်ငယ်ငယ်ကပင် သောက်သုံးခဲ့ပါက အသက်ရလာချိန်တွင်လည်း ကင်ဆာရောဂါများဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အရက်သေစာ သောက်သုံးမှုကို လျှော့ချခဲ့လျှင် သို့မဟုတ် ကန့်သတ်ခဲ့လျှင်အရက်သောက်သုံးမှုနှင့် ဆက်စပ်နေသော ကင်ဆာရောဂါများဖြစ်နိုင်ခြေကို ရှစ်ရာခိုင်နှုန်းလျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

အရက်သေစာ သောက်သုံးမှုကြောင့် ဖြစ်ပွားနိုင်သည့် ကင်ဆာရောဂါများထဲတွင် အစာပြွန်ကင်ဆာ၊ ရင်သားကင်ဆာ၊ အသည်းကင်ဆာနှင့်အစာအိမ်ကင်ဆာတို့လည်း ပါဝင်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## သွေးမတိတ်ရောဂါကို ကုသရာတွင် မျိုးဗီဇကုထုံးတစ်မျိုးက အထောက်အကူပြုနိုင်

**နယူးယောက် အောက်တိုဘာ ၁**

မျိုးဗီဇကုထုံးသစ် တစ်မျိုးသည် သွေးမတိတ်ရောဂါ (Hemophilia B) ကို ကုသရာတွင် အထောက်အကူများစွာပြုနိုင်ဖွယ်ရှိကြောင်း စက်တင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

Beqvez အမည်ရှိ အဆိုပါ မျိုးဗီဇကုထုံးသစ်သည် သွေးမတိတ်ရောဂါ လူနာများ၏ သွေးယိုမှုနှုန်းကို သိသိသာသာ လျှော့ချပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် Beqvez ကုထုံးကို သွေးမတိတ်ရောဂါလူနာများဖြင့် လက်တွေ့စမ်းသပ်ခဲ့ရာ လူနာများ၏ သွေးယိုမှုဖြစ်ပွားနှုန်း ၇၁ ရာခိုင်နှုန်း လျော့ပါးသွားကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ရသည်။

ထိုနည်းတူ စမ်းသပ်မှုတွင် ပါဝင်သော လူနာများအနက် ၄၅ ဦးတို့မှာ Beqvez ထိုးဆေးတစ်ကြိမ် ထိုးနှံပြီးချိန်တွင် သွေးယိုမှုပြဿနာ ပေါ်ထွက်လာခြင်းမရှိတော့ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Beqvez မျိုးဗီဇကုထုံးကို Pfizer ဇီဝနည်းပညာကုမ္ပဏီက ထုတ်လုပ်ထားပြီး အမေရိကန် အစားအစာနှင့် ဆေးဝါးလုံခြုံရေးအေဂျင်စီ (FDA) ၏ အတည်ပြုချက် ရထားပြီးဖြစ်ကြောင်း သိရသည်။

သွေးမတိတ်ရောဂါသည် IX ခေါ် သွေးပရိုတင်းတစ်မျိုးပါဝင်မှု အဆင့် ကျဆင်းနေသူများတွင် ဖြစ်ပွားတတ်သော ရှားပါးသွေးရောဂါတစ်မျိုး ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO






# တိုက်စစ်မှူး မာမောက်ကို ခေါ်ယူရန် မန်ယူအသင်းနှင့်လီဗာပူးအသင်း ကြိုးပမ်း

**လန်ဒန် အောက်တိုဘာ ၁**

၂၀၂၄-၂၀၂၅ ခုနှစ် ဘောလုံးရာသီတွင် ဖရန့်ဖတ်အသင်း တိုက်စစ်ပိုင်း၌ ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူးမာမောက်ကို ခေါ်ယူရန် မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့က အပြိုင်ကြိုးပမ်းနေကြောင်း သိရသည်။

တိုက်စစ်မှူးမာမောက်သည် ဖရန့်ဖတ်အသင်းနှင့် ဘွန်ဒက်လီဂါပြိုင်ပွဲ ငါးပွဲကစားခဲ့ရာ သွင်းဂိုး ခြောက်ဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ်ထိပြုလုပ်ခြေစွမ်းပြသနိုင်ခဲ့သဖြင့် မန်ယူအသင်းက တိုက်စစ်ပိုင်းတွင် အဆုံးသတ်အားနည်းနေသည့် ရက်ရှ်ဖို့ဒ်၏နေရာ၌ အစားထိုးရန်နှင့် လီဗာပူးအသင်းကလည်း ဆာလာဟ်ထွက်ခွာသွားပါက တိုက်စစ်ပိုင်းကို ထပ်မံဖြည့်တင်းနိုင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

အသက် ၂၅ နှစ်ရှိ တိုက်စစ်မှူး မာမောက်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဝုဖ်ဘတ်အသင်းမှ ဖရန့်ဖတ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး ပြိုင်ပွဲစုံတွင် သွင်းဂိုး ၁၇ ဂိုးနှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သဖြင့် ဥရောပထိပ်သီးကလပ်များ၏ စိတ်ဝင်စားမှုကိုခံခဲ့ရပြီးနောက် ယခုအခါ လီဗာပူးအသင်းနှင့် မန်ယူအသင်းတို့က ခေါ်ယူရန်ကြိုးပမ်းနေကာ ကစားသမားအနေဖြင့် လာမည့် ၂၀၂၇ ခုနှစ်ထိ ဖရန့်ဖတ်အသင်းနှင့် စာချုပ်သက်တမ်းကျန်ရှိနေကြောင်း သိရသည်။

မာမောက်သည် ကစားသမားဘဝကို ၂၀၁၆ ခုနှစ်က အီဂျစ်ကလပ် ဝါဒီအသင်းနှင့်စတင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ဥရောပသို့ ရောက်ရှိခဲ့ကာ ဝုဖ်ဘတ်အသင်းတွင် ဘောလုံးရာသီရှစ်ရာသီ ကစားခဲ့ပြီး ပွဲကစားခွင့်နည်းပါးသဖြင့် ပုံစံကောင်းပျောက်ဆုံးခဲ့သော်လည်း ဖရန့်ဖတ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ကစားသမားဘဝ တစ်ဆင့်မြင့်တက်ခဲ့ပြီး ပြိုင်ပွဲစုံသွင်းဂိုး ၂၃ ဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : 90min**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- နည်းပြတန်ဟတ်ကို စာချုပ်သက်တမ်းတိုးရန် မသေချာတော့သည့် မန်ယူအသင်းက ချဲလ်ဆီးအသင်း နည်းပြဟောင်း ဂရာဟမ်ပေါ်တာကို နည်းပြသစ်ခန့်အပ်ရန် ချိတ်ဆက်မှု ပြုလုပ်နေကြောင်း သိရသည်။
- စပါးအသင်းနှင့်ပွဲစဉ်တွင် မက်ဒီဆင်ကို ဖြတ်ထုတ်ပုံကြမ်းတမ်းမှုကြောင့် အနီကတ်ပြသခံရသည့် ဘရူနိုဖာနန်ဒက်စ်အနေဖြင့် လာမည့်အေဗီလာအသင်း၊ ဘရန့်ဖို့ဒ်အသင်း၊ ဝက်စ်ဟမ်းအသင်းတို့ပွဲစဉ်ကို လွဲချော်မည်ဖြစ်သော်လည်း အယူခံအောင်မြင်ခဲ့သောကြောင့် အနီကတ်ပြစ်ဒဏ်မှ လွတ်မြောက်ခဲ့သည်။
- ဘိုလော့နာအသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ချီဆာပွဲထွက်ကစားသမားအဖြစ် ပါဝင်နိုင်မည်ဖြစ်သော်လည်း ဂျိုတာအနေဖြင့် ဒဏ်ရာကြောင့် လွဲချော်မည်ဖြစ်ကြောင်း နည်းပြစလော့က ယနေ့နံနက်ပိုင်းတွင် အတည်ပြုပြောကြားခဲ့သည်။ **ML**

# UIPM 2024 U19 Pentathlon အားကစားနည်းငါးမျိုး ပြေးခုန်ပစ်ပြိုင်ပွဲတွင် တောင်ကိုရီးယားကစားသမား လင်မ်ထယ်ဂန်း ရွှေတံဆိပ်ဆုဆွတ်ခူး



**ဒရက်စကင်နင်ကိုင် အောက်တိုဘာ ၁**

လစ်သူယေးနီးယားနိုင်ငံ ဒရက်စကင်နင်ကိုင်မြို့တွင် ကျင်းပခဲ့သော UIPM 2024 U19 Pentathlon အားကစားနည်း ငါးမျိုး ပြေးခုန်ပစ်ပြိုင်ပွဲတွင် တောင်ကိုရီးယား ကိုယ်စားပြုအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့သော အသက် ၁၇ နှစ်အရွယ် လင်မ်ထယ်ဂန်းက ရွှေတံဆိပ်ဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

လင်မ်ထယ်ဂန်းသည် ရမှတ်စုစုပေါင်း ၁၅၂၀ မှတ်ဖြင့် ရွှေတံဆိပ်ဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး အီတလီနိုင်ငံကိုယ်စားပြုအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့သော အသက် ၁၈ နှစ်အရွယ် ဒန်းနစ်က ရမှတ်စုစုပေါင်း ၁၅၁၅ မှတ်ဖြင့် ငွေတံဆိပ်ဆုကို လည်းကောင်း၊ အီဂျစ်နိုင်ငံ ကိုယ်စားပြုအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့သော အသက် ၁၇ နှစ်အရွယ် ဟက်ဆန်မိုဟာမက်က စုစုပေါင်းရမှတ် ၁၅၁၃ မှတ်ဖြင့် ကြေးတံဆိပ်ဆုကိုလည်းကောင်း ဆွတ်ခူးခဲ့သည်။

အားကစားနည်းငါးမျိုး ပြေးခုန်ပစ်ပြိုင်ပွဲ စတင်ရေပန်းစားလာခဲ့ပြီးနောက် ကမ္ဘာ့အဆင့်ပြိုင်ပွဲတွင် တောင်ကိုရီးယားနိုင်ငံမှ ရွှေတံဆိပ်ဆုကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံအတွက် သမိုင်းဝင်အောင်မြင်မှုတစ်ရပ်ကို ရယူပေးနိုင်ခဲ့သော လင်မ်ထယ်ဂန်းအနေဖြင့် အားကစားနည်းငါးမျိုးတွင် သေနတ်ပစ်ပြိုင်ပွဲ၌ အဓိကအားသာသွားခဲ့ပြီး သေနတ်ပစ်ပြိုင်ပွဲ ရလဒ်ကြောင့်လည်း ရွှေတံဆိပ်ဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ယခုနှစ်ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မန်စီးတီးအသင်း ဆုဖလားရနိုင်ဟု စူပါကွန်ပျူတာခန့်မှန်း

**မန်ချက်စတာ အောက်တိုဘာ ၁**

ယခုနှစ် ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲသည် ကလပ်အသင်း ၃၂ သင်းမှ ၃၆ သင်းသို့ တိုးမြှင့်၍ ပုံစံသစ်ဖြင့်ကျင်းပခဲ့သော်လည်း မန်စီးတီးအသင်းအနေဖြင့် ဆုဖလားရရှိရန် အခွင့်အရေးများနေကြောင်း စူပါကွန်ပျူတာက တွက်ချက်ခန့်မှန်းထားသည်။

အဆိုပါပြိုင်ပွဲတွင် ကလပ်အသင်း ၃၆ သင်းသည် ပထမအဆင့်အနေဖြင့် အိမ်ကွင်းလေးပွဲနှင့် အဝေးကွင်းလေးပွဲ ကစားရမည်ဖြစ်ပြီး ရမှတ် အများဆုံးရရှိသည့် ကလပ်အသင်းရှစ်သင်းက ၁၆ သင်းအဆင့်သို့ တိုက်ရိုက်တက်ရောက်ခွင့် ရရှိမည်ဖြစ်ကာ အဆင့်(၉)မှ အဆင့်(၂၄)ထိ အသင်းများက play-off ထပ်မံကစား၍ အနိုင်ရသည့်အသင်းက ၁၆ သင်းအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အပြီးတွင် မန်စီးတီးအသင်းသည် အိမ်ကွင်းတွင် အင်တာမီလန်အသင်းကို ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့သဖြင့် အမှတ်ပေးဇယား အဆင့်(၂၀)တွင်ရောက်ရှိခဲ့သော်လည်း စူပါကွန်ပျူတာက ခန့်မှန်းတွက်ချက်ခဲ့ရာတွင် မန်စီးတီးအသင်းက ဆုဖလားရရှိရန် ပထမ၊ ရီးရဲလ်မက်ဒရစ်အသင်းက ဒုတိယနှင့် အင်တာမီလန်အသင်းက တတိယနေရာတို့တွင် အစဉ်လိုက်ရပ်တည်လျက်ရှိသည်။

၎င်းတို့နောက်တွင် လေဗာကူဆင်အသင်း၊ အာဆင်နယ်အသင်းနှင့် ဘာစီလိုနာအသင်းတို့က ရပ်တည်နေကြောင်း သိရသည်။

ယခုနှစ်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲသို့ ပထမဆုံးဝင်ရောက်ခွင့်ရခဲ့သည့် ဘိုလော့ဂ်နာအသင်းက အဆင့်(၁၈)၊ ဂျီရိုနာအသင်းက အဆင့်(၂၆)၊ ဘရက်စ်အသင်းက အဆင့်(၁၃)၊ အေဗီလာအသင်းတို့က အဆင့်(၄)နေရာတွင် ရပ်တည်လျက်ရှိနေပြီး ဘိုင်ယန်မြူးနစ်အသင်းက အဆင့်(၁)တွင် ဦးဆောင်နေကြောင်း သိရသည်။

**Ref : Opta Analyst**
**Trs : ML**

# ပီအက်စ်ဂျီအသင်းက ဘာစီလိုနာခံစစ်ကစားသမားနှစ်ဦးကို ယူရို သန်း ၁၀၀ ဖြင့်ကမ်းလှမ်း

**ပဲရစ် အောက်တိုဘာ ၁**

ပီအက်စ်ဂျီအသင်းသည် ခံစစ်ပိုင်း ထပ်မံဖြည့်တင်းရန်အတွက် ဘာစီလိုနာအသင်း ခံစစ်ပိုင်းမှ အာရူဂျိုနှင့်ခွန်ဒီတို့ နှစ်ဦးကို ပြောင်းရွှေ့ကြေး ယူရို သန်း ၁၀၀ ဖြင့်ခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ခံစစ်ကစားသမား အာရူဂျိုသည် ဘာစီလိုနာအသင်းနှင့် ၂၀၂၆ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေပြီး အသင်းခံစစ်ပိုင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း ဒဏ်ရာပြဿနာကြောင့် မကြာခဏအနားယူနေရသဖြင့် ဘာစီလိုနာအသင်းက နွေရာသီအပြောင်းအရွှေ့ကာလကရောင်းချရန်ပြင်ဆင်ခဲ့ပြီး ခွန်ဒီကိုလည်း ဘဏ္ဍာရေး အခက်အခဲကြောင့် ရောင်းချရန်ဆုံးဖြတ်ခဲ့သော်လည်း ယခုအခါ အာရူဂျိုကိုသာ ရောင်းချမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ လာပေါ်တာက ထုတ်ဖော်ပြောကြားခဲ့သည်။

ပီအက်စ်ဂျီ အသင်းအနေဖြင့် ဘာစီလိုနာ ခံစစ်ကစားသမား နှစ်ဦးစလုံးကိုခေါ်ယူရန် ဆုံးဖြတ်ခဲ့ပြီး ပြောင်းရွှေ့ကြေး သန်း ၁၀၀ ဖြင့် ကမ်းလှမ်းခဲ့ရာ အသင်းဥက္ကဋ္ဌ လာပေါ်တာက ၂၀၂၆ ခုနှစ်တွင် စာချုပ်ကုန်ဆုံးတော့မည့် အာရူဂျိုကိုသာ ရောင်းချမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

အာရူဂျိုသည် ထိပ်တန်းအဆင့်ခြေစွမ်းရှိသည့် ကစားသမားတစ်ဦး ဖြစ်သော်လည်း ကာလရှည် ဒဏ်ရာရနေသောကြောင့် နွေရာသီအပြောင်းအရွှေ့ကာလက ကမ်းလှမ်းသည့်အသင်း မရှိခဲ့ဘဲ လက်ရှိတွင် ပီအက်စ်ဂျီအသင်းကကမ်းလှမ်းခဲ့ပြီး ၎င်းနှင့်အတူ ပုံမှန်ပွဲထွက်ခွင့်ရရှိနေသည့် ခွန်ဒီကိုပါခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။



အသက် ၂၅ နှစ်ရှိ ခွန်ဒီသည် နည်းပြဖလစ်၏ အနာဂတ်စီမံကိန်းတွင် ပါဝင်နေသည့်ကစားသမားဖြစ်ပြီး ယခုနှစ်ပြိုင်ပွဲစုံ ကိုးပွဲတွင်လည်း ကိုးပွဲစလုံး ပွဲထွက်ခွင့်ရရှိခဲ့ကာ သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့သဖြင့် ပီအက်စ်ဂျီအသင်းအတွက် ခေါ်ယူရန် ခက်ခဲနေကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

# မိသားစုကျန်းမာရေးအတွက် အရေးပါသော မီးဖိုချောင်သန့်ရှင်းရေး



မိသားစုဝင်အားလုံး ကျန်းမာရေးကောင်းမွန်စေရန်အတွက် သန့်ရှင်းသောမီးဖိုချောင်(စားဖိုဆောင်) ဖြစ်နေရန်ကလည်း အရေးကြီးသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်သည်။ ကျန်းမာသန့်ရှင်းရောဂါကင်းစင်သည့် မီးဖိုချောင်တစ်ခုဖြစ်စေရန် အောက်ပါနည်းလမ်းတို့ဖြင့် ကြိုးစားအားထုတ်သင့်ပါသည်။

**စားကြွင်းစားကျန်များကိုသုတ်သင်ပါ**

ချက်ပြုတ်ပြီးနောက် မီးဖိုချောင်တစ်ခုလုံးကို သန့်ရှင်းရေးလုပ်ရုံနှင့် မလုံလောက်သေးပါဘူး။ ထမင်းအိုး၊ ဟင်းအိုးအဖုံးများကိုလည်း လက်နှီးသန့်သန့်ဖြင့်ပွတ်တိုက်သန့်စင်ပေးရပါမည်။ ဥပမာ- ထမင်းစေ့တစ်စေ့၊ ဟင်းအဆီအနှစ်တစ်စက် ပြုတ်ကျကျန်ရစ်သည်ကစ၍ ကြွက်၊ ပုရွက်ဆိတ်၊ ပိုးဟပ်၊ အိမ်မြှောင်တို့က သင့်မီးဖိုချောင်ကို ၎င်းတို့၏ စားကျက်သဖွယ် နေ့စဉ် လာရောက်ရှာဖွေစားသောက်ကြပါလိမ့်မည်။

ထိုအကောင်များနှင့်အတူ သူတို့လာရာ လမ်းတစ်လျှောက်ရှိ ဖုန်မှုန့်၊ အမှိုက်သရိုက်၊ အင်းဆက်ပိုးမွှားနှင့် အညစ်အကြေးများက ၎င်းတို့ခန္ဓာကိုယ်အောက်ခြေတွင် ကပ်ငြိပါလာလေ့ရှိသည်။ ကြွက်တို့၏ သဘော သဘာဝအရ အစာသစ်စားရင်း အစာဟောင်း(မစင်)များကိုပါ စွန့်ထုတ်လေ့ရှိကြကြသည်။ ထို့ကြောင့် နေ့စဉ်ဘဝတွင် မီးဖိုချောင်သာမက ထမင်းစားခန်း နှင့် ထမင်းစား စားပွဲတို့ပါ မကျန် စားကြွင်းစား ကျန်များကို သုတ်သင်ရှင်းလင်းရပါမည်။

**အမှိုက်ပုံးကိုသန့်စင်ဆေးကြောပါ**

အမှိုက်ပုံးထဲသို့စားကြွင်းစားကျန်များ၊ အမှိုက်သရိုက်များစွန့်ထည့်ပြီးတိုင်း ၎င်းအမှိုက်ပုံး၏အဖုံးကိုလုံအောင်ပြန်ဖုံးပေးပါ။ အဖုံးမလုံပါက ကြွက်များအမှိုက်ပုံးအတွင်းဝင်၍ အစာရှာလေ့ရှိသည်။ ပုံးထဲမှာအမှိုက်မပြည့်သေးသည့်တိုင်အောင် အနံ့ဆိုးထွက်တတ်၍ ရပ်ကွက်စည်ပင်သာယာမှ သတ်မှတ်ထားသောအမှိုက်ပုံများတွင် စွန့်ပစ်သင့်သည်။ ထို့ပြင် အမှိုက်ပစ်ပြီးတိုင်း ၎င်းအမှိုက်ပုံးကို အတွင်းရော အပြင်ပါ ဆေးကြောသန့်စင်ရပါမည်။ ထိုမှသာ အနံ့အသက်မဆိုးရွားတော့ဘဲ၊ ပိုးမွှားကင်းရှင်းစေမည်ဖြစ်သည်။

**အသုံးပြုပြီးသောပန်းကန်များကို သိမ်းဆည်းပါ**

စားသောက်အသုံးပြုပြီးသော ပန်းကန်များကို ချက်ချင်းဆေးကြောသန့်စင်ပါ။ သို့မဟုတ်ပါက ပေကျံနေသော ၎င်းပန်းကန်များက ကြွက်၊ ပုရွက်ဆိတ်၊ ယင်ကောင်တို့ကိုဖိတ်ခေါ်ရာ ရောက်ပါသည်။ အကယ်၍ အကြောင်းတစ်စုံတစ်ရာကြောင့် ချက်ချင်းမဆေးကြောနိုင်သေးပါက ကြောင်အိမ် သို့မဟုတ် အုပ်ဆောင်းဖြင့် လုံခြုံအောင် သိမ်းထားပြီး ဆေးကြောသည့်အခါ ရေနွေးလောင်းပြီးမှ ဆေးကြောသန့်စင်ပါ။

**မီးဖိုချောင်သုံးအဝတ်များကို နေ့စဉ်လျှော်ဖွပ်ပါ**

ဥပမာမီးဖိုချောင်အတွက် သန့်ရှင်းရေးလုပ်သည့် အဝတ်၊ လက်နှီး၊ လက်သုတ်ပဝါစသည်တို့ကို သူ့အဆင့်အတန်းနှင့်သူ ခွဲခြားသတ်မှတ်သုံးစွဲပါ။ မီးဖိုချောင်အတွက် သန့်ရှင်းရေးလုပ်သောအဝတ်ကို လက်နှီးအဖြစ် သုံးမိသည့်အခါ၊ ထိုမသန့်ရှင်းသောအဝတ်များမှတစ်ဆင့် ထမင်း၊ ဟင်းများကိုရောဂါပိုးပျံ့နှံ့စေပါသည်။ ထိုနည်းတူ မသန့်ရှင်းသောလက်သုတ်ပဝါများ သုံးမိသည့်အခါ လက်နှင့် ပါးစပ်တွင် အနံ့ဆိုးစွဲကျန်ရစ်ပြီး အခန့်မသင့်လျှင် နူတ်ခမ်းတစ်ဝိုက်၌ ရေယုန် သို့မဟုတ် ယားနာဖုလေးများ ပေါက်လာတတ်သလို မျက်နှာတွင်လည်း ညှင်း၊ ဝက်ခြံထွက်လာတတ်သည်။ ထို့ကြောင့် မီးဖိုချောင်သန့်ရှင်းရေးလုပ်သည့် အဝတ်များကို မကြာမကြာ အသစ်လဲလှယ်သုံးပါ။ လက်နှီးများကိုလည်း ဖြစ်နိုင်ရင် နှစ်ရက်တစ်ကြိမ် ရေနွေးပူပူဖြင့် ပြုတ်၍ လျှော်ဖွပ်ပါ။ လက်သုတ်ပဝါကိုလည်း နေ့စဉ် လျှော်ဖွပ်ပါ သို့မဟုတ် လက်သုတ်ပဝါအစား တစ်ခါသုံးတစ်ရှူးများကိုသုံးပါ။

**အဖိတ်အစဉ်များကိုသုတ်သင်ပစ်ပါ**

မီးဖိုချောင် ကြမ်းပြင်များ၊ ပန်းကန်ဆေးဘေစင်၊ ပစ္စည်းတင်သည့်စားပွဲစသည့်နေရာများပေါ်သို့ ငံပြာရည်ဖြစ်စေ၊ ဆီဖြစ်စေ၊ ဟင်းအနှစ်ဖြစ်စေတစ်ခုခု ဖိတ်စဉ်ကျသွားသောအခါတွင်လည်း အဝတ်ဖြင့် ချက်ချင်းသုတ်သင်ရှင်းလင်းပါ။ ငံပြာရည်က စားဖိုဆောင်ကို အနံ့အသက်ဆိုးစေသလို၊ ကြမ်းခင်းကြွေပြားပေါ်တွင် ဖိတ်စဉ်ထားသည့် ဆီများကလည်း အခန့်မသင့်ရင် ခြေချော်လဲစေတတ်သည်။

**ပန်းကန်ဆေးရေမြှုပ်များကို အထူးဂရုစိုက်ပါ**

ပန်းကန်ဆေးရေမြှုပ်ကလည်း အိမ်တစ်အိမ်၏ အညစ်ပတ်ဆုံးပစ္စည်းဖြစ်ကြောင်းကို သိသူလွန်စွာနည်းသည်။ ပန်းကန်များဆေးကြောပြီးသည့်အခါတိုင်း အသုံးပြုထားသည့်ရေမြှုပ်များကို အချိန်တစ်ခုပေးပြီး သူ့ချည်းသက်သက်ဆပ်ပြာသုံး၍ ရေများများဖြင့်ဆေးကြောသန့်စင်ပေးရန် အထူးလိုအပ်သည်။ သို့မဟုတ်ပါက ရေမြှုပ်ထဲတွင် စိမ့်ဝင်နေသောထမင်းလုံး၊ ဟင်းဖတ် အစအန၊ အဆီအနှစ်နှင့် ဆပ်ပြာရည် အကြွင်းအကျန်များဓာတ်ပြု၍ မျက်စိဖြင့် မမြင်နိုင်သောအင်းဆက်ပိုးများ ပေါက်ပွားလာသည်။ ထိုပိုးများက အစာအဆိပ်သင့်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်းဖြစ်စေသည့်အပြင် ပန်းကန်ဆေးသူ၏လက်ကို ယားနာဖုနှင့် ဝဲစွဲတတ်သည်။ ထို့နည်းတူ အစားအသောက်များမချက်ပြုတ်မီနှင့် ချက်ပြုတ်ပြီးသည့်ချိန်တွင်လည်း လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောပါ။

**အသုံးမလိုအပ်သေးသောဟင်းချက်ပစ္စည်းကိရိယာများကို သိမ်းဆည်းပါ**

အမြဲသုံးရန်မလိုသောဟင်းချက်ပစ္စည်းကိရိယာများဖြစ်ကြသည့် ဥပမာ ဟင်းပေါင်းအိုး၊ အသားကြိတ်စက် စသည်တို့ကို အသုံးပြုပြီးနောက် သန့်စင်ဆေးကြောခြောက်သွေ့သွားသောအခါ သေချာထုပ်ပိုး၍သိမ်းထားပါ။ ဤနည်းက မီးဖိုချောင်တွင် ပစ္စည်းများကြောင့် မတော်တဆတွန်းတိုက်ပြုတ်ကျပျက်စီးခြင်းမှလည်း ကာကွယ်ရာရောက်သည်။ ထို့နည်းတူ စွာပင် ဧည့်သည်လာလျှင် ဧည့်ခံပြီးနောက် အချိုရည်ဖန်ခွက်များ၊ ကော်ဖီပန်းကန်လုံးများကိုလည်း အစွန်းအထင်းမကျန်ရစ်ရအောင် ဧည့်သည်ပြန်သွားသည်နှင့် ချက်ချင်းဆေးကြောသန့်စင်ပါ။ အကယ်၍ ချက်ချင်းမဆေးကြောဖြစ်ပါက ရေစိမ်ထားပါ။ ဆေးကြောမှု ပြုပြီးနောက်မှာလည်း ခြောက်သွေ့သွားသည့်အခါ ထိခိုက်ပျက်စီးမှု အလေအလွင့်မရှိအောင် နေ့ညမဆိုင်းဘဲ ပြန်သိမ်းထားပါ။

**စဉ်းတီတုံးများကိုတစ်သီးတစ်ခြားသုံးစွဲပါ။**

မီးဖိုချောင်ထဲက မရှိမဖြစ် အရာများထဲမှာသား ငါး၊ ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံများကို တင်လှီးဖြတ်ရသည့် စဉ်းတီတုံးလည်း တစ်ခုအပါအဝင်ဖြစ်သည်။ စဉ်းတီတုံးမှာသစ်သားစဉ်းတီတုံးနှင့် ပလတ်စတစ်စဉ်းတီတုံးဟူ၍ နှစ်မျိုးရှိသည်။ သစ်သားစဉ်းတီတုံးကို ရှေးလူကြီးများလက်ထက်ကတည်းကသုံးစွဲလာကြပြီး ယခုခေတ် အိမ်တော်တော်များများတွင်လည်း သုံးစွဲလျက်ရှိကြသည်။ အချို့အိမ်ရှင်မများကမူ ပေါ့ပေါ့ပါးပါးပလတ်စတစ်စဉ်းတီတုံးကိုသာ ရွေးချယ်ကြသည်။ မည်သို့ပင်ဆိုစေကာမူ ကျန်းမာရေးရှုထောင့်အရ သစ်သားစဉ်းတီတုံးနှင့် ပလတ်စတစ်စဉ်းတီတုံး နှစ်မျိုးစလုံးတွင် အားနည်းချက်၊ အားသာချက်များ အသီးသီးရှိနေကြသည်ကို သတိပြုသင့်ပါသည်။

သစ်သားစဉ်းတီတုံးနှင့် ပလတ်စတစ်စဉ်းတီတုံးတို့ခြားနားချက်များမှာ သစ်သားစဉ်းတီတုံးက သေချာတိုက်ချွတ်ဆေးကြောရန် လိုအပ်သလိုခြောက်သွေ့အောင်လုပ်ရန်လည်း အချိန်ပေးရပါသည်။ ပလတ်စတစ်စဉ်းတီတုံးကမူ သန့်ရှင်းရေးလုပ်ရလွယ်ကူသလောက် ခြောက်သွေ့ချိန်လည်းမြန်သည်။ သစ်သားစဉ်တီးတုံးကပိုးမွှားပေါက်ပွားနိုင်ခြေများသည်။ ပလတ်စတစ်စဉ်းတီတုံးကလည်း ပလတ်စတစ်ပြားဖြစ်သောကြောင့် သုံးစွဲသည့်ကာလကြာလာသည်နှင့်အမျှ ဓားခုတ်ရာ၊ အစင်းခြစ်ရာများ ဖြစ်ပေါ်တတ်ပြီး အကယ်၍ စဉ်းတီတုံးကို သန့်စင်အောင် မဆေးကြောမိပါက ၎င်းအခြစ်ရာ၊ အစင်းရာများကြားတွင် ပိုးမွှားပေါက်ပွားတတ်သည်ကိုသတိရှိရပါမည်။

သစ်သားနှင့် ပလတ်စတစ်စဉ်းတီတုံး၊ မည်သည့်စဉ်းတီတုံးကိုရွေးချယ်မည်နည်း။ စဉ်းတီတုံးများတွင် ကျန်းမာရေးကို ဒုက္ခပေးနိုင်သည့် ပိုးမွှားများပေါက်ပွားနိုင်၍ ဘယ်လိုစဉ်းတီတုံးကိုရွေးရမလဲဆိုတာစဉ်းစားရန် လိုလာပါပြီ။ မည်သည့်စဉ်းတီတုံးကိုပဲ ရွေးရွေး၊ စဉ်းတီတုံးကို သန့်သန့်ရှင်းရှင်းထားရန်က အရေးကြီးဆုံးအချက်ဖြစ်သည်။ ထိုမှသာ အစာအဆိပ်သင့်မှု အန္တရာယ်၊ မသန့်ရှင်းသောပိုးမွှားများ ခန္ဓာကိုယ်အတွင်း ရောက်ရှိသွားမည့်အန္တရာယ်ကို ရှောင်လွှဲနိုင်မည်ဖြစ်သည်။

သို့ပါ၍ မိသားစုကျန်းမာရေးအတွက် စဉ်းတီတုံးသုံးစွဲရန်ရေးနည်းလမ်းကောင်းများကို အောက်ပါအတိုင်း အကြံပြုလိုပါသည်။

(က) သားစိမ်း၊ ငါးစိမ်းများတွင် ပိုးမွှားများပေါက်ပွားနိုင်သည့်အခွင့်အရေး ပိုများ၍ဖြစ်နိုင်လျှင် အသားလှီးသောစဉ်းတီတုံးနှင့် ဟင်းသီးဟင်းရွက်လှီးသော စဉ်းတီတုံးဟူ၍ နှစ်မျိုးခွဲခြားသတ်မှတ်ထားသင့်သည်။

(ခ) စဉ်းတီတုံးသုံးပြီးတိုင်း ပန်းကန်ဆေးသောရေမြှုပ်ကြမ်း၊ ဆပ်ပြာတို့ဖြင့် သေသေချာချာပွတ်တိုက်ဆေးကြောပါ။

(ဂ) ကွဲအက်နေသော သို့မဟုတ် အစင်းရာအခြစ်ရာများရှိနေသောစဉ်းတီတုံးများကို (လုံးဝ) မသုံးသင့်ပေ။ ၎င်းအက်ကွဲကြောင်းများထဲတွင် မျက်စိဖြင့် မမြင်နိုင်သည့်အညစ် အကြေးနှင့် မှိုပိုးများ စုဝေးပေါက်ပွားလေ့ရှိသည်။

(ဃ) သားစိမ်းငါးစိမ်းများတင်၍ လှီးဖြတ်ထားသောစဉ်းတီတုံးပေါ်တွင် အသီးအရွက်နှင့် သစ်သီးဝလံများ လှီးဖြတ်ခြင်း၊ မုန့်ပဲသွားရည်စာများတင်လှီးခြင်း လုံးဝမပြုပါနှင့်။

(င) မည်သည့်အရာပဲတင်လှီးလှီးစဉ်းတီတုံးများကို အသုံးပြုပြီးတိုင်း ပြန်လည်သန့်ရှင်းရေးလုပ်ပေးရန် မမေ့လျော့သင့်ပေ။

(စ) သင့် မိသားစုကျန်းမာရေးအတွက် စဉ်းတီတုံးမျက်နှာပြင်ကိုမုန့်လုပ်ဆော်ဒါ၊ ဆား၊ ရေ တို့ဖြင့် ဆေးကြောနိုင်သလို ရှာလကာရည် သို့မဟုတ် သံပရာရည်တို့ကိုသုံးပြီးလည်း ဆေးကြောနိုင်ပါသည်။

**❖မီးဖိုချောင်အတွက် သန့်ရှင်းရေးလုပ်သောအဝတ်ကို လက်နှီးအဖြစ် သုံးမိသည့်အခါ၊ ထိုမသန့်ရှင်းသောအဝတ်များမှတစ်ဆင့် ထမင်း၊ ဟင်းများကို ရောဂါပိုးပျံ့နှံ့စေပါသည်။ ထိုနည်းတူ မသန့်ရှင်းသောလက်သုတ်ပဝါများသုံးမိသည့်အခါ လက်နှင့် ပါးစပ်တွင် အနံ့ဆိုးစွဲကျန်ရစ်ပြီး အခန့်မသင့်လျှင် နူတ်ခမ်းတစ်ဝိုက်၌ ရေယုန် သို့မဟုတ် ယားနာဖုလေးများပေါက်လာတတ်သလို မျက်နှာတွင်လည်း ညှင်း၊ ဝက်ခြံထွက်လာတတ်သည်။ ထို့ကြောင့် မီးဖိုချောင် သန့်ရှင်းရေးလုပ်သည့်အဝတ်များကို မကြာမကြာ အသစ်လဲလှယ်သုံးပါ။**

အချုပ်အားဖြင့်ဆိုရသော် မိသားစုဝင်အားလုံး၏ ကျန်းမာရေးအတွက် မိမိတို့နေအိမ်တွင် နေ့စဉ်အသုံးပြုသော မီးဖိုချောင်နှင့် မီးဖိုချောင်သုံးပစ္စည်းများ သန့်ရှင်းနေစေရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

– American Food Magazine – Kitchen Care

**ပေါက်ပေါက်**

# တေးသံရှင် နီနီခင်ဇော် ၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့ရှိ The Transporter ၌ ပြုလုပ်မည်

**ရန်ကုန် အောက်တိုဘာ ၁**

တေးသံရှင် နီနီခင်ဇော်၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ The Transporter ၌ ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် နီနီခင်ဇော်က ပြောပြ၍ သိရသည်။

နိုင်ငံကျော်အမျိုးသမီးတေးသံရှင်တစ်ဦးဖြစ်သည့် တေးသံရှင် နီနီခင်ဇော်၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေမှုများကို The Transporter တွင် အောက်တိုဘာ ၂ ရက် ညပိုင်းတွင် ပြုလုပ်သွားမည်ဖြစ်ပြီး Transporter Music Band တေးဂီတအဖွဲ့က တီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။




"မဆုံရတာကြာပြီဖြစ်တဲ့ နီနီရဲ့ပရိသတ်တွေနဲ့ အကြာကြီးဆုံပြီး တော့ သီချင်းတွေတဝကြီးဆိုဖြစ်မဲ့ညတစ်ညဖြစ်မှာပါ။ နီနီရဲ့ မကြာခင်ကထွက်ထားတဲ့ တေးအယ်လ်ဘန်ထဲက သီချင်းတွေအများဆုံးဆိုဖြစ်မှာပါ။ နီနီနဲ့ အတူ နာမည်ကျော် ဒီဂျေသမားတွေဖြစ်တဲ့ Jule ၊ A Day ၊ Yar Za တို့ကလဲ နီနီကို ပံ့ပိုးပေးကြအုံးမှာမို့ Transporter မှာ Wednesday Night မှာ ဆုံကြစို့နော်" ဟု တေးသံရှင် နီနီခင်ဇော်က ပြောပြသည်။

တေးသံရှင် နီနီခင်ဇော်၏ Come Back Ni Ni Khin Zaw တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၂ ရက် ည ၆: ၃၀ မှာ စတင်ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Deliver Me From Nowhere ၌ မင်းသား စတီဗင်ဂရေဟမ် ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၁**

Deliver Me From Nowhere အမည်ရှိ အတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကားသစ်တွင် ဗြိတိသျှရုပ်ရှင်မင်းသား စတီဗင်ဂရေဟမ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၃၀ ရက်သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား စတီဗင်ဂရေဟမ်အနေဖြင့် မင်းသား ဂျရယ်မီအယ်လန်ဝှိုက်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Deliver Me From Nowhere ဇာတ်ကားသည် အမေရိကန်ရော့ခ်အဆိုတော်နှင့်ဂစ်တာသမား ဘရုစ်ဖရက်ဒရစ်စပရင်းတင်း၏ ဘဝကို အခြေခံရိုက်ကူးမည့် အတ္ထုပ္ပတ္တိဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် ဖရန် မင်းသားဂျရယ်မီအယ်လန်ဝှိုက်က ဘရုစ်ဖရက်ဒရစ် စပရင်းတင်းအဖြစ် သရုပ်ဆောင်မည်ဖြစ်ပြီး စတီဗင်ဂရေဟမ်က ဖရက်ဒရစ် စပရင်းတင်း၏ ဖခင်အဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

Deliver Me From Nowhere ဇာတ်ကားကို ဒါရိုက်တာ စကော့ကူးပါးက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါ ဇာတ်ကား ရိုက်ကူးမည့်နေ့နှင့် ရုံတင်ပြသမည့်အချိန်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# ၁၀၄ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၇ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် ရွှေစန္ဒာမင်း ရုပ်ရှင်ထုတ်လုပ်ရေးက ငွေကျပ်ငါးသိန်းနှင့်စားသောက်ကုန်များ လှူဒါန်း



**ရန်ကုန် အောက်တိုဘာ ၁**

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၄ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားနှင့် ၄၇ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် အနုပညာလောကသားများက အလှူငွေများ ပါဝင်လှူဒါန်းလျက်ရှိရာ ရွှေစန္ဒာမင်း ရုပ်ရှင်ထုတ်လုပ်ရေးက အလှူငွေကျပ်ငါးသိန်းနှင့် စားသောက်ကုန်များကို စက်တင်ဘာ ၃၀ ရက်က လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

၁၀၄ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့် ၄၇ ကြိမ်မြောက်ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ကွက် ဝဏ်ဘာလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး (ဗဟို)တွင် ကျင်းပသွားမည်ဖြစ်သည့်အတွက် ရုပ်ရှင်လောကသားများ၊ စေတနာရှင်အလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်းနေကြောင်း သိရသည်။

"ရုပ်ရှင်သက်ကြီးပူဇော်ကန်တော့ပွဲကတော့ မကြာခင် ကျင်းပမှာမို့ အနုပညာရှင်၊ အတတ်ပညာရှင်တွေအတွက် ပါဝင်လှူဒါန်းနေကြတာတွေရှိပါတယ်။ ရွှေစန္ဒာမင်း ရုပ်ရှင်ထုတ်လုပ်ရေးက အလှူငွေကျပ် ငါးသိန်းနဲ့ အသင့်စား ကြာဆံထုပ်များ လာရောက်လှူဒါန်းခဲ့ပါတယ်။ လက်ရှိမှာ သက်ကြီးကန်တော့ခံအရေအတွက် တိတိကျကျဖြစ်အောင် ပြန်တွက်နေတာတွေရှိပါတယ်။ ကွယ်လွန်သွားတဲ့သူတွေရှိသလို ထပ်တိုးလာတဲ့သူတွေလဲ ရှိပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၃ ရက်က ကျင်းပခဲ့သည့် ၁၀၃နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၆ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲတွင် သက်ကြီးအနုပညာရှင်ဦးရေ ၁၄၀ကို ငွေသားအပါအဝင် စားသောက်ကုန်ပစ္စည်းများဖြင့် ကန်တော့နိုင်ခဲ့ကြောင်း သိရသည်။

ASH

# အော်စကာဆုပေးပွဲ ၉၇ ကြိမ်မြောက် ဇာတ်ကားဆုအတွက် The Sinking of He Lisbon Maru ကို တရုတ်ရွေးချယ်

**နယူးယောက် အောက်တိုဘာ ၁**

၉၇ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲ နိုင်ငံတကာ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုအတွက် The Sinking of He Lisbon Maru အမည်ရှိမှတ်တမ်းရုပ်ရှင် ဇာတ်ကားကို နိုင်ငံကိုယ်စားပြု ဇာတ်ကားအဖြစ် ရွေးချယ်ထားကြောင်း စက်တင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

တရုတ်ဒါရိုက်တာ ဖန်းလီ ရိုက်ကူးထားသော The Sinking of He Lisbon Maru ဇာတ်ကားသည် ဒုတိယကမ္ဘာစစ်၏ နောက်ခံ မှတ်တမ်းရုပ်ရှင် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် အော်စကာရုပ်ရှင်ဆုပေးပွဲ နိုင်ငံတကာ အကောင်းဆုံးရုပ်ရှင်ဆုအတွက် တရုတ်နိုင်ငံအနေဖြင့် ပထမဆုံး တင်သွင်းခဲ့သော မှတ်တမ်းရုပ်ရှင် ဇာတ်ကားဖြစ်သည်။

တရုတ်နိုင်ငံသည် ၁၉၇၉ ခုနှစ်မှစ၍ အော်စကာဆုပေးပွဲ နိုင်ငံတကာအကောင်းဆုံးရုပ်ရှင်ဆုပေးပွဲအတွက် နိုင်ငံကိုယ်စားပြု ဇာတ်ကားများကို ၁၉၇၉ ခုနှစ်ကပင် စတင်တင်သွင်းခဲ့သည်။

The Sinking of He Lisbon Maru ဇာတ်ကားသည် ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၂ ခုနှစ်အတွင်း သည်လစ္စဘွန်းမာရုအမည်ရှိ ဂျပန်သယ်ယူပို့ဆောင်ရေး သင်္ဘောတစ်စင်း အမေရိကန်ရေတပ် တော်ပီဒိုထိမှန်မှုကြောင့် နစ်မြုပ်ခဲ့စဉ် ဗြိတိသျှစစ်သုံ့ပန်းများကို တရုတ်ရေလုပ်သားများက သက်စွန့်ဆံဖျား ကယ်ဆယ်ခဲ့ရပုံကို ရိုက်ကူးထားသော မှတ်တမ်းရုပ်ရှင်ဖြစ်သည်။

၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲ နိုင်ငံတကာအကောင်းဆုံး ဇာတ်ကားဆု ဆန်ကာတင်စာရင်းကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ကြေညာမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# အနုပညာရှင်များစုပေါင်း၍ ကလောနှင့် ညောင်ရွှေမြို့နယ် ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကွပ်ကဲမှုအဖွဲ့ရုံးများသို့ အစားအစာနှင့်အလှူငွေများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁**

ရုပ်ရှင်အနုပညာရှင်များပါဝင်သည့် တေးအလှူ ရေဘေးအလှူအစီအစဉ်ဖြင့် ရှမ်းပြည်နယ် ကလောမြို့နှင့် ညောင်ရွှေမြို့ရှိ ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကွပ်ကဲမှုအဖွဲ့ရုံးများသို့ စားသောက်ကုန်နှင့် အလှူငွေများကို စက်တင်ဘာ ၃၀ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သရုပ်ဆောင် ဆုပန်ထွာက ပြောပြ၍ သိရသည်။

အဆိုပါ တေးအလှူ ရေဘေးအလှူအစီအစဉ်တွင် ရုပ်ရှင်အနုပညာရှင်များနှင့် KBZ Bank တို့က တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ အလှူငွေနှင့် စားသောက်ကုန်များ လှူဒါန်းခြင်းတို့ကို သက်ဆိုင်ရာ ရေဘေးကယ်ဆယ်ရေးနှင့်ပြန်လည် ထူထောင်ရေးကွပ်ကဲမှု အဖွဲ့ရုံးများသို့ လှူဒါန်းခြင်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"မပန်တို့အဖွဲ့က KBZ Bank နဲ့အတူ ရေဘေးကယ်ဆယ်ရေး ကူညီဖို့ ကလောမြို့ကိုသွားပြီး ရေဘေးသင့်ပြည်သူတွေအတွက် တေးအလှူ ရေဘေးအလှူအစီအစဉ်လုပ်ဖြစ်ပါတယ်။ ကလော၊ ညောင်ရွှေမြို့မှာရှိတဲ့ တကယ်လိုအပ်တဲ့ ရေဘေးသင့်ပြည်သူတွေကို ထိထိရောက်ရောက် လှူဖြစ်ခဲ့ကြပါတယ်။ မပန်နဲ့အတူ ဇင်မျိုး၊ ကျော်ကျော်၊ ဆုမြတ်နိုးဦး၊ ကိုငှက်ပျောကြော်တို့က တေးသီချင်းတွေနဲ့ ဖျော်ဖြေပေးခဲ့ကြပါတယ်"ဟု သရုပ်ဆောင် ဆုပန်ထွာက ပြောပြသည်။

အဆိုပါ ရုပ်ရှင်အနုပညာရှင်များပါဝင်သည့် တေးအလှူ ရေဘေးအလှူအစီအစဉ်တွင် ရုပ်ရှင်အနုပညာရှင်များက အသင့်စားအစားအစာများကို ရေဘေးသင့်ပြည်သူ ဦးရေ၂၀၀၀ ကျော်အတွက် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ASH

# Nationwide population and housing census begins; population and housing census of family of Chairman of State Administration Council Prime Minister Senior General Min Aung Hlaing enumerated by Ministry of Immigration and Population



An enumeration team conducts population and housing census at the residence of Senior General Min Aung Hlaing.

**Nay Pyi Taw October 1**

Population and housing census enumeration began today in the entire Myanmar and it will continue for 15 days till15 October.

Population and housing census of the family of Chairman of State Administration Council Prime Minister Senior General Min Aung Hlaing was enumerated this afternoon by an enumeration team led by Union Minister for Immigration and Population U Myint Kyaing at the Tatmadaw Guest House in the compound of the Office of Commander-in-Chief (Army).

The Senior General gave complete answers to the questions of the enumeration team that recorded the answers.

The team also conducted population and housing census of the families of SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, Speaker of Pyithu Hluttaw U T Khun Myat, SAC Secretary General Aung Lin Dway, Joint SAC Secretary General Ye Win Oo, and SAC member General Maung Maung Aye at their respective homes.

A country adopts policies and plans for the balanced development of its social, economic and management undertakings based on the date collected by census. Normally, a country conducts a population census every ten years.

Data collected and recorded by a census apply not only to the government and the ministries, but also to all the people of a country. They are an essential foundation for multi sectors including political, economic, social, defence and public management sectors from individuals to the entire country.

The Ministry of Immigration and Population is the key institution in conducting the census. As the census applies to the entire country, it will achieve success only with the collective involvement of the people.

Continuous availability of correct and precise population and economic statistics in time, adoption of necessary policies, strategies and tactics, following a research and compare of population and economic changes in Myanmar during a ten-year period from 2014 to 2024, provision of necessary indicators for the Myanmar Sustainable Development Plan – MSDP to assist the sector-wise projects, provision of support for the strategy for national level statistics sector development of the National Statistics System are the goals of the 2024 population and housing census.

In 2014 census, there were only 41 questions. As for more comprehensiveness of data and information, the 2024 census will ask 27 more questions. So the total number of questions will become 68.

Vivid examples of the additional questions include the main reason for school discontinuation in the education sector, garbage disposal system, sanitation in the housing sector and these questions will be followed by comment asking sections in connection with the way the government will support the public education, health and social sectors. Hence, they will be practically applicable. Enumerators will visit homes to collect census during the day from 7 am to 6 pm, and the date on which the team visits a house will be announced in advance. Census is unrelated to household form (66/6) or form 10, national registration card, or citizenship. Except from the ones who are not included in the census, all the persons who are within the territory of Myanmar during the census reference period will be enumerated. There will be no tax and no legal action for any possession known through census enumeration. There is also no need to worry about any family member who is abroad and no action will be taken against him. 100

# Cooperative societies generate over 125 billion kyats in production, service and trade activities in first five months of 2024-2025 FY



Ahlon Township Cooperative Society conducts fish sales.

**Nay Pyi Taw October 1**

More than 125 billion kyats have been generated from production, service and trade activities of cooperative societies during the five months from April to the end of July in 2024-2025, according to reports from the Ministry of Cooperatives and Rural Development.

The Department of Cooperatives under the Ministry of Cooperatives and Rural Development has organized and extended the formation of cooperative associations to those who really want to work for the public's socio-economic sectors to be able to work effectively, and expanded the formation of cooperative associations and a total of 38,613 cooperative societies have been established till August 2024.

Among the cooperative societies that have been established are 31,924 production cooperative societies, 3,551 service cooperative societies and 3,138 trade cooperative societies.

In the 2024-2025 FY, the cooperative societies that have been formed and facilitated are expected to receive 722.755 billion kyats from the production, service and trade activities of these cooperative societies. 336

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses 60th Anniversary Ceremony of MPF


Senior General Min Aung Hlaing addresses the 60th Anniversary of MPF.

**Nay Pyi Taw October 1**

A ceremony to mark the 60th Anniversary of the Myanmar Police Force was held at Myanmar International Convention Centre-2 in Nay Pyi Taw this morning and Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered an address at the ceremony.

Also presented at the ceremony were the Joint Secretary of the council General Ye Win Oo and members of the SAC, union ministers and union level officials, the chairman of Nay Pyi Taw Council, senior military officers from the Office of the Commander-in-Chief of Defence Services, the commander of Nay Pyi Taw Command, deputy ministers, diplomats, distinguished guests from international organizations, departmental heads, woman affairs and related organizations, the chief of the MPF and members of the police, retired police officers and officers.

First, the Senior General and attendees saluted the flag of the national flag of the Republic of the Union of Myanmar and stood in silence in honor of members of the police, who died in action.

Then, the Senior General delivered an address, saying the police force was reformed after regaining independence and it was renamed as the People's Police Force on 1 October, 1964 and the day was designated as the PPF day. On 1 October, 1995, the PPF was reformed as the Myanmar Police Force. Today is the 60 Anniversary of the MPF.

Members of the MPF are required to uphold "Our Three Main National Causes" and to continue to realize the five-point roadmap and nine objectives of the SAC and stability and the rule of law in the entire union for the safety of socioeconomic lives of the people. The MPF is urged to cooperate with the Tatmadaw and the people in counter-terrorism.


Senior General Min Aung Hlaing checks equipment at a commemorative booth.

Moreover, members of the MPF are required to implement the four objectives of the MPF such as tranquility of wards and villages, the rule of law, prevention of danger of narcotic drugs and public services and six tasks of the MPF including **crime prevention, investigation and charging at the court of law maintaining order in the country, public security, prevention and elimination of psychotropic and narcotic drugs and public services.**

The MPF of the Ministry of Home Affairs has established a Border Liaison Offices network with five neighboring countries and is urged to hold BLOs meetings continuously to share information with them in real time.

A total of 54,433 foreigners from 28 countries, who illegally entered Myanmar during the period from October, 2023 and August, 2024, were deported in accordance with rules and regulations.

Myanmar is closely cooperating with international organizations to prevent and eliminate the dangers posed by narcotic drugs. Myanmar has continued to conduct special drug elimination Operation 39/24 (2024) from 2023 to 2024. During the period from 1 January to 31 August, 2024, Myanmar was able to reveal 3,832 drug seizure cases and arrested 5,286 suspects, worth MMK 750 billion of drugs and precursor materials.

To take action against human trafficking effectively, Myanmar enacted a new law on 16 June 2022. During the time from October 2023 to August 2024, the MPF took action against 30 men and 66 women, totaling 96 in 27 human trafficking cases and rescued 5 men and 44 women victims totaling 49. It is cooperating with INTERPOL and ASEANAPOL in curbing regional human trafficking crimes and launching anti-human trafficking campaigns. Continued efforts are required for further success. The nation recognized the efforts of the anti-human trafficking teams and conferred gallantry performance medals on them. Zeal, perseverance, morale and efforts of police members who sacrificed their lives in the line of duty See Page 14


Senior General Min Aung Hlaing presents medal of excellent performance and courage to police major Nyein Chan.


General Ye Win Oo presents medal of excellent performance and courage to inspector Kyaw Zin Oo.


The Union Minister for Home Affairs presents medal of excellent performance and courage to inspector Tun Naing Zaw.

# 60th anniversary of Myanmar Police Force Day commemorative dinner held





Senior General Min Aung Hlaing watches performances at the 60th anniversary of Myanmar Police Force Day.

**Nay Pyi Taw October 1**

A commemorative dinner event was held to honor the 60th anniversary of Myanmar Police Force Day this evening at the Myanmar International Convention Center-2 in Nay Pyi Taw. The Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attended the event.

The event was also attended by the Senior General's wife, Daw Kyu Kyu Hla, the Joint Secretary of the Council General Ye Win Oo, and his wife, Council members and their spouses, Union Ministers, high-ranking officials from the Office of the Commander-in-Chief of Defence Services and their wives, the Chairman of Nay Pyi Taw, Deputy Ministers, heads of departments, women's organizations, the Chief of Myanmar Police Force and officers, retired senior police officers, artists, and other officials.

The Senior General, along with his wife, and the attendees were welcomed by the officials upon arrival. Next, the Senior General and wife and the attendees enjoyed the commemorative dinner together.

Before and during the dinner, members from the Myanmar Police Force's band, and the entertainment division artists from the Fire Services Department, and performers from the Fine Arts Department under the Ministry of Religious Affairs and Culture and artists from the Myawady music band under the Directorate of the Public Relations and Psychological Warfare provided musical entertainment.

After the dinner, Senior General Min Aung Hlaing and his wife presented honorary flower bouquets and cash awards to the Myanmar Police Force's band and the performers in recognition of their performances. 100



Senior General Min Aung Hlaing presents cash reward to the performers of Myanmar Police Force band.

**From Page 13**

are honoured and recognized.

Ye Thura medal was conferred on 10 police members, Ye Bala medals on 132, Ye Kyawthu medals on two, Excellence in Social Duties (Grade2) on one, good police personnel medal on 389, State Police Service medal on 786, joint combat medal on 2765, good public servant medal on 67, public servant medal on 57, law and order restoration medal on 5642, totaling 9851 during the period from 1 October 2023 to 1 October 2024.

In ensuring security and stability and rule of law in the entire country, police members need to join hands with people in taking crime prevention, and exposing the suspects immediately and take action against them. Hence, all police members should strive with unity to have the ability honored and relied on by the people in accord with loyalty, integrity and courage of MPF.

In building MPF under the goal – **patriotism, capacity and modernity,** its members must be trained to possess good moral, capability and be dutiful, the essence of a good institution. They must try to become the dutiful lawmen that are skilled in police duties and reliable, and possess honesty and integrity in safeguarding public interest. They must always keep in fore Our Three Main National Causes and realize the three aims and six duties of MPF.

A video clip on 60th anniversary of MPF was shown.

The Senior General then conferred medals of excellent performance and courage on 4 MPF members, the SAC Joint Secretary, medals of excellent performance and courage on three members, the SAC member Home Affairs Union Minister medals of excellent performance and courage on two members and medal of performance on one member.

The Senior General posed for documentary photo to together with the attendees and cordially greeted them.

He visited the commemorative booths on documentary photos, embossed figures, equipment, technological tools, weapons, uniforms, communication sets, drug searchers with keen interest. 100

# Local farmers to grow more than 25,000 acres of sesame in coming cold season



A thriving sesame plantation.

**Katha October 1**

According to the statistics of Katha Township Agriculture Department, a plan is underway to grow 25,050 acres of winter sesame in Katha Township of Sagaing Region this year.

Local authorities have earmarked cultivation of 25,050 acres of winter sesame in Katha Township in 2024-25 season, from October to December.

U Ko Lay, Head of Katha Township Agriculture Department said: "Local administrative authorities planned to grow more than 20,000 acres of winter sesame in coming season. We will provide assistance for local farmers to meet the target cultivation of sesame. Sown acreage of sesame is on the rise year by year. Local farmers prefer to grow sesame in winter more than monsoon."

Officials of the Township Agriculture Department urged local farmers to apply agricultural techniques to expand sown acreage of sesame, and use GAP system and quality strains of crops.

The crops planted in GAP system are higher quality than other ordinary crops, fetching better prices with potential to export them to foreign market. Hence, local farmers can earn increased incomes from their crops. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားက RPG တပ်ဆင်ထားသော တိုက်ခိုက်ရေးဒရုန်းကို ယူကရိန်းအထူးစစ်ဆင်ရေးတွင် ပထမဆုံးအသုံးပြုခဲ့



ရုရှားနိုင်ငံသည် ယူကရိန်းအထူးစစ်ဆင်ရေးတွင် RPG တပ်ဆင်၍ ပျံသန်းတိုက်ပွဲဝင်နိုင်သော တိုက်ခိုက်ရေးဒရုန်းကို ပထမဆုံးအကြိမ် အသုံးပြုခဲ့ကြောင်း Forbes မဂ္ဂဇင်းက စက်တင်ဘာ ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ တိုက်ခိုက်ရေးဒရုန်း အမျိုးအစားသစ်သည် ကမ္ဘာတစ်ဝန်းလုံးက လိုက်ပါလုပ်ဆောင်ရမည့် သိသာထင်ရှားသော တိုးတက်ဖွံ့ဖြိုးသည့် ခြေလှမ်းသစ်တစ်ရပ်ဖြစ်လာနိုင်သော်လည်း ကျွမ်းကျင်ပညာရှင်များက အကဲဖြတ်ဆန်းစစ်နေဆဲပင်ဖြစ်သည်။

စဉ်ဆက်မပြတ် ပြောင်းလဲနေသော ခေတ်သစ်စစ်ပွဲများတွင် တစ်ကိုယ်ရည်သယ်ဆောင်တိုက်ပွဲဝင်နိုင်သည့် တင့်ဖျက်ဒုံးပစ်လောင်ချာများ တပ်ဆင်ထားသော ရုရှားထုတ် တိုက်ခိုက်ရေးဒရုန်းများကို ယူကရိန်းစစ်မြေပြင်တွင် တွေ့မြင်ခဲ့ရကြောင်း သတင်းများထွက်ပေါ်လာခဲ့ပြီဖြစ်ကြောင်း သိရသည်။

လမ်းညွှန်မဲ့ တစ်နည်းအားဖြင့် ပဲ့ထိန်းမဲ့ဟု ခေါ်ဝေါ်သုံးနှုန်းလေ့ရှိကြသော Unguided Rocket Launcher ဒုံးပစ်လောင်ချာတစ်လက်တွင် နောက်ပြန်တွန်းအား (Recoil)မပါရှိသည့်အတွက် သမားရိုးကျလက်နက်ငယ်များကဲ့သို့ ပြောင်းအကြီးစားတစ်မျိုး မလိုအပ်ပေ။ ထို့ကြောင့် အဆိုပါ ဒုံးပစ်လောင်ချာများသည် ပေါ့ပေါ့ပါးပါးဖြင့် သယ်ဆောင်တိုက်ပွဲဝင်နိုင်သည်ဖြစ်ရာ လှုပ်ရှားတပ်ဖွဲ့များအတွက် ပစ်အားနှင့်စစ်ကစားနိုင်စေမည်ဖြစ်သည်။

ရုရှား-ယူကရိန်းပဋိပက္ခတွင် ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း ထုတ်ဖော်ပြသခဲ့သည့် တစ်ကိုယ်ရည်သယ် ဗုံးပစ်လောင်ချာတပ် ဒရုန်းအများအပြားကို အိမ်တွင်း စက်မှုလုပ်ငန်းများသဖွယ် ထုတ်လုပ်နိုင်ခဲ့ကြသည်ကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရသည်။ ၎င်းတွင် အောက်ဘက်သို့ ဦးတည်သည့် RPG နှစ်ခုရှိသည်။ မကြာသေးမီကလည်း ယူကရိန်းနိုင်ငံ Wild Hornets အဖွဲ့သည် RPG တပ်ဆင်ပစ်ခတ်နိုင်သည့် အကြီးစား Queen of Hornet ဒရုန်းတစ်စင်းကို စမ်းသပ်ခဲ့ကြကြောင်း သိရသည်။

ရုရှားနိုင်ငံ MASH ဝက်ဘ်ဆိုက်သည် ဒရုန်းပေါ်တွင် RPG တပ်ဆင်၍ ပျံသန်းတိုက်ပွဲဝင်နိုင်သော တိုက်ခိုက်ရေးဒရုန်းတစ်စင်း စမ်းသပ်မှုဗီဒီယိုဖိုင်ကို လွှင့်တင်ခဲ့သည်။ ဒရုန်း၏အမည်ကို Bazooka ဟု ခေါ်ဝေါ်သုံးနှုန်းထားသည်။ ဗီဒီယိုဖိုင်အရ Bazooka တိုက်ခိုက်ရေးဒရုန်းသည် ကီလိုမီတာ ၃၀ ကျော်အကွာ အဝေးတွင် Payload အလေးချိန် ၁၁ ကီလိုဂရမ် တင်ဆောင်၍ လေထဲတွင် မိနစ် ၂၀ ကြာ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိကာ ဒွန်ဘတ်စ်ဒေသ Ugledar မြို့အနီးရှိ စစ်ဆင်ရေးများတွင် တိုက်ပွဲဝင်အသုံးပြုနိုင်ခဲ့ခြင်းဖြစ်သည်ဟုသိရှိရပြီး နည်းပညာဆိုင်ရာ အသေးစိတ် အချက်အလက်များကိုမူ အတိအကျသိရှိရခြင်း မရှိသေးပေ။ အခြေအနေများ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ယူကရိန်းအထူးစစ်ဆင်ရေးတွင် အဆိုပါ Bazooka တိုက်ခိုက်ရေးဒရုန်းများ၏ ထိရောက်မှု၊ အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ နောက်ထပ်အကဲဖြတ်မှုများ ထွက်ပေါ်လာနိုင်ဖွယ်ရှိသည်။ မည်သို့ပင်ဖြစ်စေကာမူ ဤသို့ဖွံ့ဖြိုးတိုးတက်မှုသည် ပဋိပက္ခအတွင်း နှစ်ဖက်စလုံးက အဆင့်မြင့်ဒရုန်းနည်းပညာကို စစ်ရေးမဟာဗျူဟာများတွင် ပေါင်းစပ်ထည့်သွင်းနေသည့် ပိုမိုကျယ်ပြန့်သောလမ်းကြောင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရှုမြင်နိုင်သည်။

**Russian bazooka drone debuts in Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန် DARPA အေဂျင်စီက လေကြောင်းသယ်ယူပို့ဆောင်ရေးအတွက် အကြီးစားဒရုန်းဒီဇိုင်းကိုလေ့လာလျက်ရှိ

အမေရိကန်နိုင်ငံ ကာကွယ်ရေးအဆင့်မြင့် သုတေသနစီမံကိန်းများ အေဂျင်စီ(DARPA)မှတစ်ဆင့် အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် လေကြောင်း သယ်ယူပို့ဆောင်ရေးကို ပြောင်းလဲရန်ရည်ရွယ်၍ ကြီးမားသော စီမံကိန်းတစ်ခုကို မကြာသေးမီက စတင်ခဲ့သည်ဟု Army Recognition သတင်းဌာနက စက်တင်ဘာ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Cost Efficient Cargo ဟုအမည်ပေးထားသည့် ဤအစီအစဉ်သည် ၃၁ ဒသမ ၇၅ တန်ထိ ကုန်ပစ္စည်းတင်ဆောင်နိုင်မည့် ဒရုန်းဒီဇိုင်းကိုလေ့လာလျက်ရှိပြီး အမေရိကန် မရိန်းတပ်ဖွဲ့တွင် လက်ရှိအသုံးပြုလျက်ရှိသော CH-53K King Stallion အကြီးစားသယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်၏ စွမ်းဆောင်ရည်ထက် နှစ်ဆပိုမိုမြင့်မားလိမ့်မည်ဖြစ်သည်။ King Stallion နှင့်မတူသည့်အချက်မှာ ဤဒရုန်းသည် တာဝေးပျံသန်းရေးတာဝန်များအတွက် ဒီဇိုင်းထုတ်လုပ်ထားခြင်းမဟုတ်ဘဲ သင်္ဘောများနှင့် ကမ်းခြေများတွင် လေးလံသောဝန်များ အတင်အချပြုလုပ်ရန် သို့မဟုတ် မြစ်များကိုဖြတ်ကျော်ကာ ကုန်းတွင်းပိုင်းနှင့် အခြားသဘာဝအတားအဆီးများကိုဖြတ်ကျော်၍ သယ်ယူပို့ဆောင်ပေးရန်အတွက်သာဖြစ်ကြောင်း သိရသည်။

DARPA သည် မကြာသေးမီက သတင်းအချက်အလက်တောင်းဆိုမှု (RFI) ကိုထုတ်ပြန်ခဲ့ပြီး အလေးချိန် ၃၅ တန်ခန့် တင်ဆောင်နိုင်သော မောင်းသူမဲ့ အကြီးစား သယ်ယူပို့ဆောင်ရေးစနစ်အတွက် ဆန်းသစ်သော အဆိုပြုချက်များကို တင်ပြခဲ့သည်။ RFI တွင် အကြီးစား သယ်ယူပို့ဆောင်ရေးဒရုန်းသည် လက်ရှိသမားရိုးကျ ရဟတ်ယာဉ်များအသုံးပြုသည့် စနစ်များနှင့်မတူဘဲ လက်ရှိ အင်ဂျင်နှင့်ဂီယာနည်းပညာများကိုအသုံးပြုရမည်ဟု သတ်မှတ်ပေးထားသည်။ ဤဒရုန်းအတွက် ရည်ရွယ်ထားသည့် စစ်ဆင်ရေးအကွာအဝေးသည် ၂၅ မိုင်၊ ကုန်တင်ကုန်ချနေရာနှင့် ဦးတည်ရာရည်မှန်းချက်နေရာကြား အမြင့်ပေ ၅၀၀ တွင် ပျံသန်းနိုင်စွမ်းရှိရမည်ဖြစ်သည်။



Cost Efficient Cargo စီမံကိန်းသည် ပိုမိုမြန်ဆန်၍ ထိရောက်သောလေကြောင်းသယ်ယူပို့ဆောင်ရေးအတွက် အရေးတကြီးလိုအပ်မှုကို ဖြေရှင်းရန်ရည်ရွယ်သည်။ အထူးသဖြင့် ကမ်းတက်စစ်ဆင်ရေး၊ မြစ်ကူးစစ်ဆင်ရေးများကဲ့သို့ ရန်သူ့ဧရိယာများကို ဖြတ်ကျော်စစ်ဆင်ရာတွင် သယ်ယူပို့ဆောင်ရေး လုပ်ငန်းစဉ်ကို လျင်မြန်စွာလုပ်ဆောင်နိုင်ရန် အရေးကြီးကြောင်း သိရသည်။

အထူးသဖြင့် ပြောင်းလွယ်ပြင်လွယ်ရှိမှုနှင့်စစ်ရေးအဟုန်သည် မရှိမဖြစ်လိုအပ်သောပင်လယ်ပြင်နှင့် မြေပြင်စစ်ဆင်ရေးများတွင် သိသိသာသာပြောင်းလဲလာနိုင်သည်။ လေကြောင်းသယ်ယူပို့ဆောင်ရေးလေယာဉ်များ၏ စွမ်းဆောင်ရည်နှင့် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်မှုဆိုင်ရာ မေးခွန်းများရှိနေသော်လည်း ဤစီမံကိန်းသည် အမေရိကန် တပ်မတော်တွင် ဆန်းသစ်တီထွင်သော ထောက်ပံ့ပို့ဆောင်ရေး ဖြေရှင်းချက်များအတွက် ကြီးထွားလာနေသော လိုအပ်ချက်ကိုထင်ဟပ်စေသည်။ ရေရှည်တွင် ပိုမိုရှုပ်ထွေးသောစစ်ဆင်ရေးဆိုင်ရာလိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ခြင်းဖြင့် အနာဂတ်အမေရိကန်တပ်မတော်၏ လေကြောင်းသွားလာရေးဂေဟစနစ်တွင် သယ်ယူပို့ဆောင်ရေးသုံးအကြီးစား ဒရုန်းများကို ပေါင်းစည်းအသုံးပြုနိုင်မည်ဖြစ်သည်။ Cost Efficient Cargo ဒရုန်းစီမံကိန်းသည် အမေရိကန်စစ်ဘက်၏ လေကြောင်း သယ်ယူပို့ဆောင်ရေးစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ် King Stallion ထက် ဝန်တင်ဆောင်နိုင်စွမ်း နှစ်ဆအဆင့်မြင့်တင်ထွက်ပေါ်လာမည့် သယ်ယူပို့ဆောင်ရေးသုံးအကြီးစား ဒရုန်းများသည် ပိုမိုခေတ်မီ အဆင့်မြင့်သောရန်ဘက်များနှင့် ရင်ဆိုင်ရချိန်တွင် အမေရိကန် မြေပြင်နှင့် ကုန်းရေနှစ်သွယ် တပ်ဖွဲ့များ၏တိုက်ပွဲအဟုန်ထိန်းသိမ်းနိုင်ခြင်း၊ ပြောင်းလွယ်ပြင်လွယ်ရှိခြင်းနှင့် ခံနိုင်ရည်မြင့်မားခြင်းစသည်တို့ကို တိုးမြှင့်ပေးနိုင်ခြင်းဖြင့် လှုပ်ရှားစစ်ကစားမှုများကိုအရှိန်မြှင့်လုပ်ဆောင်နိုင်လိမ့်မည်ဖြစ်သည်။

**Heavy Air Transport: DARPA Seeks a Drone with Twice Lifting Power of CH-53K King Stallion ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြစဉ်။

## ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရည်မှန်းချက်တာဝန် လေးရပ်နှင့် လုပ်ငန်းတာဝန် ခြောက်ရပ်တို့ကိုအောင်မြင်အောင် ကြိုးစားအကောင်အထည် ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလို . . .

☆ ကျောဖုံးမှအဆက်

အမျိုးသမီးရေးရာနှင့် ဆက်စပ်အဖွဲ့အစည်းများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲအရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကိုအလေးပြုကြပြီး တာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များအား အမှတ်ရဂုဏ်ပြုသောအားဖြင့် တစ်မိနစ် ငြိမ်သက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ကြကြောင်း၊ တော်လှန်ရေးကောင်စီခေတ် ၁၉၆၄ ခုနှစ် အောက်တိုဘာ ၁ရက်တွင်**“ပြည်သူ့ရဲတပ်ဖွဲ့”** ဟုခေါ်ဝေါ်သတ်မှတ်ခဲ့ပြီး ရဲတပ်ဖွဲ့နေ့အဖြစ်လည်းစတင်သတ်မှတ်ခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ပြည်သူ့ရဲတပ်ဖွဲ့မှ **“မြန်မာနိုင်ငံရဲတပ်ဖွဲ့”**ဟုပြင်ဆင်သတ်မှတ်ခဲ့ကြောင်း၊ ယခုအခါနှစ် ၆၀ ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

ဒို့တာဝန်အရေး သုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်အောင်မြင်စေရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရေးတို့ကို အလေးထားဆက်လက်ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တပ်မတော်နှင့်အတူ အကြမ်းဖက်မှုချေမှုန်းရေးကိုလည်း ပြည်သူနှင့်အတူ လက်တွဲ ပြီး ဆောင်ရွက်ရန် အလေးထားမှာကြားလိုကြောင်း။

ထို့ပြင် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးနှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရေးဆိုသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ရည်မှန်းချက်တာဝန်(၄)ရပ်နှင့် **ပြစ်မှုများမဖြစ်ပွားအောင်ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီးပြစ်မှုများ စုံစမ်းဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ပြည်သူလူထုလုံခြုံရေး၊မူးယစ်**ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများအန္တရာယ်ကို တားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးဆိုသည့် လုပ်ငန်းတာဝန်(၆)ရပ်ကိုလည်း အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံဖြတ်ကျော်မှုခင်းများကိုတားဆီးနှိမ်နင်းရာတွင် သတင်းလက်ဦးမှုရယူဆောင်ရွက်နိုင်ရေးအတွက် အိမ်နီးချင်းငါးနိုင်ငံနှင့်အတူ နယ်စပ်ဆက်ဆံရေးရုံးများ (Border Liaison Offices–BLOs) ကွန်ရက်စနစ်တည်ထောင်ပြီးသတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အပြန်အလှန်မျှဝေဖလှယ်နိုင်ရေးအတွက် BLO အစည်းအဝေးများကိုလည်း အခါအားလျော်စွာ စဉ်ဆက်မပြတ် ကျင်းပပြုလုပ်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ်ဩဂုတ်လထိ မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံပေါင်း ၂၈ နိုင်ငံမှတရားမဝင်ဝင်ရောက်လာသည့်နိုင်ငံခြားသား ၅၄၄၃၃ ဦးတို့ကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး “Operation 39/24 (2024)”ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတစ်ဦး၏ မိသားစုဝင်အား ဂုဏ်ထူးဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးက စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတစ်ဦးအား ဂုဏ်ထူးဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတစ်ဦး၏ မိသားစုဝင်အား ဂုဏ်ထူးဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်ထိ မြန်မာတစ်နိုင်ငံလုံး မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုအနေဖြင့်အမှုပေါင်း ၃၈၃၂ မှု၊ တရားခံ ၅၂၈၆ ဦး စုစုပေါင်းတန်ဖိုးငွေကျပ်ဘီလီယံ ၇၅၀ ကျော်ရှိသည့်မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့်ဆက်စပ်ပစ္စည်းများကိုဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုများကိုထိရောက်စွာအရေးယူနိုင်ရန် ၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေသစ်ကိုပြဋ္ဌာန်းပေးခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ် ဩဂုတ်လထိ လူကုန်ကူးမှု ၂၇ မှုမှတရားခံကျားဦးရေ ၃၀၊ မ ၆၆ ဦး စုစုပေါင်း ၉၆ ဦး အရေးယူနိုင်ခဲ့ပြီး လူကုန်ကူးခံရသူ ကျားငါးဦး၊ မ ၄၄ ဦး စုစုပေါင်း ၄၉ ဦးကိုကယ်တင်နိုင်ခဲ့ကြောင်း၊ ဒေသတွင်းလူကုန်ကူးမှုခင်းများနှင့် လူမှောင်ခိုမှုများတားဆီးနှိမ်နင်းရေးစီမံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

ပြည်သူက အထင်ကြီးလေးစားပြီး ဂုဏ်ယူအားကိုးရသည့် စွမ်းရည်ရှိသည့်ရဲတပ်ဖွဲ့ဖြစ်စေရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အဆင့်အတန်းအားလုံး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့်ကြိုးပမ်းထမ်းဆောင်သွားကြရန် အထူးတိုက်တွန်းမှာကြားလိုကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို**“မျိုးချစ်စိတ်ရှိရမည်၊စွမ်းရည်ပြည့်ဝရမည်၊ခေတ်မီရမည်”**ဆိုသည့်မျှော်မှန်းချက်များနှင့် တည်ဆောက်ရာတွင် အဖွဲ့အစည်းကောင်းတစ်ခု၏ အနှစ်သာရဖြစ်သည့် စိတ်ဓာတ်ကောင်းမွန်ရေး၊စွမ်းရည်ပြည့်ဝရေးနှင့် တာဝန်ကျေပွန်ရေးစသည်များကို စဉ်ဆက်မပြတ်ဆက်လက်ခံယူလေ့ကျင့်ဆောင်ရွက်သွားကြရန်၊ ပြည်သူလူထု၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရာတွင်လည်း ရဲလုပ်ငန်းကျွမ်းကျင်မှု၊ ပြသသည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတပ်ဖွဲ့ဝင် လေးဦးကိုလည်းကောင်း၊ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးက စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတပ်ဖွဲ့ဝင်သုံးဦးကိုလည်းကောင်း၊ ကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတပ်ဖွဲ့ဝင် နှစ်ဦးနှင့် စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ တပ်ဖွဲ့ဝင်တစ်ဦးကိုလည်းကောင်း ဂုဏ်ထူးဆောင်ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့တက်ရောက်လာကြသူများ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှစ် (၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်ခင်းကျင်းပြသထားသည့်ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

ကိန်းများတွင် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL)၊ အာဆီယံရဲအဖွဲ့ (ASEAN-APOL) တို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်၍လည်း ထိရောက်အောင်မြင်အောင်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

တပ်ဖွဲ့ဝင်များ၏တာဝန်ထမ်းဆောင်မှုကို နိုင်ငံတော်ကအလေးထား အသိအမှတ်ပြုပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိနှင့်စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များကို စိစစ်ချီးမြှင့်ပေးလျက်ရှိကြောင်း၊ မိမိကျရာကဏ္ဍတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ရင်း အသက်ပေးလှူခြင်းနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်း စွန့်လွှတ်သွားခဲ့ရသည့် ရဲတပ်ဖွဲ့ဝင်များ၏ ဖွဲ၊လုံ့လ၊စိတ်ဓာတ်၊ ကြိုးပမ်းမှုများအပေါ်တွင်လည်း ဂုဏ်ယူလေးစားအသိအမှတ်ပြုသည်ကို ပြောကြားလိုကြောင်း။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များကိုချီးမြှင့်ခဲ့ရာတွင် ရဲသူရတံဆိပ် ၁၀ ဦး၊ ရဲဗလတံဆိပ် ၁၃၂ ဦး၊ ရဲကျော်သူတံဆိပ် နှစ်ဦး၊ လူမှုထူးချွန်တံဆိပ်(ဒုတိယဆင့်) တစ်ဦး၊ ရဲမှုထမ်းကောင်းတံဆိပ် ၃၈၉ ဦး၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ် ၇၈၆ ဦး၊ မြန်မာနိုင်ငံရဲပူးတွဲတိုက်ပွဲဝင်တံဆိပ် ၂၇၆၅ ဦး၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ၆၇ ဦး၊ ပြည်သူ့ဝန်ထမ်းတံဆိပ် ၅၇ ဦး၊ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေစိုးမိုးရေးတံဆိပ် ၅၆၄၂ ဦး၊ စုစုပေါင်း၉၈၅၁ ဦးကို ချီးမြှင့်ပေးခဲ့ကြောင်း။

ပြည်ထောင်စုတစ်ဝန်းလုံး တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံတည်ငြိမ်မှုရှိစေရေးဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့်လက်တွဲပူးပေါင်းပြီး ပြစ်မှုကျူးလွန်မှုမရှိအောင် ကြိုတင်ကာကွယ်ရေး၊ပြစ်မှုကျူးလွန်ပါကလည်း တရားခံများကို ချက်ချင်းစုံစမ်းဖော်ထုတ်ဖမ်းဆီးပြီး ပြစ်မှုအလိုက် ထိရောက်သည့်ပြစ်ဒဏ်ကျခံနိုင်ရေးတို့ကို တရားဥပဒေနှင့်အညီစီမံဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် သစ္စာ၊ သမာဓိ၊သတ္တိဆိုသည့် ဆောင်ပုဒ်နှင့်အညီ ရိုးသားဖြောင့်မတ်မှု၊ သမာသမတ်ရှိမှုနှင့် ကျေပွန်စွာထမ်းဆောင်ရင်း ဂုဏ်သိက္ခာမြင့်မားပြီး ပြည်သူကလေးစားအားကိုးရလောက်သည့်ဥပဒေဘက်တော်သားများဖြစ်လာစေရေးကြိုးပမ်းဆောင်ရွက်သွားကြရန်၊ **ဒီ့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရည်မှန်းချက်တာဝန်လေးရပ်နှင့် လုပ်ငန်းတာဝန် ခြောက်ရပ်တို့ကိုအောင်မြင်အောင် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလို**ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နှစ် (၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် Vieo Clipကို ပြသသည်။

နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နှစ် (၆၀)ပြည့်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ ရုပ်လုံးရုပ်ကြွများ၊တပ်ဖွဲ့၊ဌာနများတွင်အသုံးပြုလျက်ရှိသည့် စက်ကိရိယာများ၊နည်းပညာဆိုင်ရာပစ္စည်းများ၊ လက်နက်များ၊ ဝတ်စုံများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ မူးယစ်ဆေးဝါးရှာဖွေစစ်ဆေးရေးစက်များနှင့် ပြခန်းများအတွင်း စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# ပြည်လုံးကျွတ် သန်းခေါင်စာရင်း ဒုတိယနေ့ ကောက်ယူနေပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ မိသားစုက သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့၏ မေးခွန်းများကို ဖြေကြားစဉ်။

**သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အဓိက ကောက်ယူအကောင်အထည်ဖော်ဆောင်ရွက်နေပြီး ပြည်သူအားလုံးနှင့်သက်ဆိုင်သည့် လုပ်ငန်းဖြစ်သည်နှင့်အညီ အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည့် လုပ်ငန်းတစ်ခုဖြစ်...**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏ မိသားစုက သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့၏ မေးခွန်းများကို ဖြေကြားစဉ်။

ရှေ့ဖုံးမှအဆက်

အလားတူ သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ မိသားစု လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏မိသားစု လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၏ မိသားစု လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ မိသားစု လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၊ ကောင်စီဝင်ဗိုလ်ချုပ်ကြီးမောင်မောင်အေး၏မိသားစု လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းတို့ကိုလည်း ၎င်းတို့၏ နေအိမ်နေရာများသို့ သွားရောက်၍ စာရင်းကောက်ယူခဲ့ကြသည်။

နိုင်ငံတစ်နိုင်ငံသည် သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိသော လူဦးရေဆိုင်ရာကိန်းဂဏန်း အချက်အလက်များအပေါ် အခြေခံ၍ နိုင်ငံ၏လူမှုရေး၊စီးပွားရေး၊စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်သဖြင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံအလိုက် ၁၀ နှစ်လျှင် တစ်ကြိမ် ဆောင်ရွက်လျက်ရှိသည်။

သန်းခေါင်စာရင်းမှ ရရှိသော အချက်အလက်များသည် နိုင်ငံတော်အစိုးရအပါအဝင် ဝန်ကြီးဌာနများနှင့်သာ သက်ဆိုင်ခြင်းမဟုတ်ဘဲ နိုင်ငံအတွင်းရှိ ပြည်သူအားလုံးနှင့် သက်ဆိုင်ပြီး လူတစ်ဦးချင်းစီက အဖွဲ့အစည်းအလိုက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးကိစ္စရပ်များ၏ ဘက်စုံကဏ္ဍစုံအတွက် မဖြစ်မနေအခြေခံအသုံးပြုရသည့် အချက်အလက်များဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အဓိကကောက်ယူအကောင်အထည်ဖော်ဆောင်ရွက်နေပြီး ပြည်သူအားလုံးနှင့် သက်ဆိုင်သည့် လုပ်ငန်းဖြစ်သည်နှင့်အညီ အားလုံးက ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည့် လုပ်ငန်းတစ်ခုဖြစ်သည်။

ယခု ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို မြန်မာနိုင်ငံ၏ တိကျမှန်ကန်သည့် လူဦးရေနှင့်လူမှုစီးပွားရေးဆိုင်ရာစာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ရရှိရန်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြား ၁၀ နှစ်အတွင်း မြန်မာနိုင်ငံ၏လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာ သုတေသနပြုလုပ်ပြီး လိုအပ်သည့် မူဝါဒများ၊ မဟာဗျူဟာနှင့် နည်းဗျူဟာများကို ချမှတ်နိုင်ရန်၊ ကဏ္ဍအလိုက် ချမှတ်ဆောင်ရွက်မည့် စီမံကိန်းများကို အထောက်အကူပြုနိုင်ရန်၊ မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan-MSDP)ကိုအကောင်အထည်ဖော်ရာတွင် လိုအပ်သည့်အညွှန်းကိန်းများ ပံ့ပိုးပေးနိုင်ရန်နှင့် အမျိုးသားစာရင်းအင်းစနစ်၏ စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာကို အထောက်အပံ့ပြုနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကောက်ယူနေခြင်းဖြစ်ကြောင်း သိရှိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၏ မိသားစုက သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့၏ မေးခွန်းများကို ဖြေကြားစဉ်။

၂၀၁၄ ခုနှစ်တွင် သန်းခေါင်စာရင်းဆိုင်ရာမေးခွန်း ၄၁ ခုကိုသာ မေးမြန်းကောက်ယူခဲ့သော်လည်း ယခု ၂၀၂၄ ခုနှစ်တွင် စာရင်းအချက်အလက်များ ပိုမိုပြီးပြည့်စုံစေရေးအတွက် မေးခွန်း ၂၇ ချက်တိုးမြှင့်၍ သန်းခေါင်စာရင်းဆိုင်ရာမေးခွန်း ၆၈ ခုကို မေးမြန်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထပ်မံတိုးမြှင့်ကောက်ခံမည့် အချက်အလက်များမှ ထင်ရှားသောဥပမာအနေဖြင့် ပညာရေးကဏ္ဍတွင် ကျောင်းဆက်လက်မတက်ရောက်ရသည့် အဓိကအကြောင်းရင်း၊ အိမ်အကြောင်းအရာကဏ္ဍတွင် အမှိုက်စွန့်ပစ်မှုစနစ်၊ သန့်ရှင်းမှုစနစ် စသည်ဖြင့် တိုးမြှင့်မေးမြန်းထားသည်ကို တွေ့ရှိရပြီး ယင်းအချက်များမှာ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍတို့တွင် အစိုးရက မည်ကဲ့သို့ ဖြည့်ဆည်းပေးရမည်ကို သုံးသပ်သည့် မေးခွန်းများဖြစ်သဖြင့် လက်တွေ့အသုံးဝင်သည့်

စာမျက်နှာ ၁၉ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ မိသားစုက သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့၏မေးခွန်းများကို ဖြေကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး၏ မိသားစုက သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့၏မေးခွန်းများကို ဖြေကြားစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

အချက်အလက်များပင်ဖြစ်ကြောင်း၊ စာရင်းကောက်ယူသူများက နံနက် ၇ နာရီမှ ညနေ ၆ နာရီအတွင်း နေအိမ်များသို့ လာရောက်စာရင်းကောက်ယူမည်ဖြစ်ပြီး နေအိမ်များသို့ စာရင်းလာကောက်မည့်နေ့ကို ကြိုတင်အကြောင်းကြားမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းသည် အိမ်ထောင်စုစာရင်းပုံစံ(၆၆/၆) သို့မဟုတ် ပုံစံ(၁၀)ရှိခြင်း၊ မရှိခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရှိခြင်း၊ မရှိခြင်းနှင့် မသက်ဆိုင်ကြောင်း၊ တိုင်းရင်းသားဖြစ်ခြင်း၊ မဖြစ်ခြင်း၊ နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းနှင့် မသက်ဆိုင်ကြောင်း၊ သန်းခေါင်စာရင်းထည့်သွင်းမကောက်ရမည့်သူများမှအပ သန်းခေါင်စာရင်းရည်ညွှန်းချိန်တွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်းရှိ နေသူအားလုံးကို စာရင်း ကောက်ယူမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူခြင်းအားဖြင့် သိရှိရသော ပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ အခွန်ကောက်ခံခြင်း၊ အရေးယူခြင်းတို့ကို လုံးဝပြုလုပ်မည်မဟုတ်ကြောင်း၊ သန်းခေါင်စာရင်းမေးခွန်းတွင် မေးမြန်းထားသော နိုင်ငံခြားသို့ ရောက်ရှိနေကြသော အိမ်ထောင်စုဝင်များအတွက်လည်း စိုးရိမ်ရန်မလိုကြောင်းနှင့် မည်သို့မျှ အရေးယူမည်မဟုတ်ကြောင်း သိရှိရသည်။

(၅၀၁)

# ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ် (၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများ၊ အနုပညာရှင်များ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး စံပြရဲအဆင့်တိုးဆုရရှိသူ အရာရှိတစ်ဦးကို အဆင့်တံဆိပ် တပ်ဆင်ပေးစဉ်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုးက မိန့်ခွန်းပြောကြားပြီး စံပြရဲအဆင့်တိုးဆုရရှိသူ အရာရှိ နှစ်ဦး၊ အခြားအဆင့် သုံးဦးနှင့် စွမ်းရည်သတ္တိအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အရာရှိ သုံးဦး၊ စွမ်းဆောင်မှုအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အရာရှိ နှစ်ဦးတို့ကို ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး အနုပညာရှင်ကိုယ်စားလှယ် တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ်တင်ကိုကိုက စွမ်းရည်သတ္တိအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အခြားအဆင့် ငါးဦး၊ စွမ်းဆောင်မှုအတွက် ရာထူးအဆင့်တိုးဆုရရှိသူ အခြားအဆင့် ငါးဦး၊ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ်အောင်နိုင်သူက ရုံးဝန်ထမ်းထူးချွန်ဆုရရှိသူ တပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် ဝတ်စားဆင်ယင်မှုအကောင်းဆုံးဆုရ တပ်ဖွဲ့ဝင် လေးဦး၊ အမျိုးသမီးစွမ်းဆောင်ရှင်ဆုနှင့် နေအိမ်လိုင်းခန်း သန့်ရှင်းရေးဆုရရှိသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နှစ် (၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် Video Clip ကိုပြသပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး၊ ရဲအရာရှိကြီးများသည် ဆုရရှိသူများ၊ အနုပညာရှင် ကိုယ်စားလှယ်တစ်ဦးတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း၊ ရုံများတွင် ဆက်လက် ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ အမျိုးသား၊ အမျိုးသမီး အပြေးပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲ၊ တန်းကျော်ပြေးပြိုင်ပွဲ၊ သုံးဆင့်ခုန်ပြိုင်ပွဲ၊ လက်ဆင့်ကမ်းပြေးပြိုင်ပွဲ၊ လှံတံပစ်ပြိုင်ပွဲ၊ ဗိုလ်လုပွဲများကိုလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ(A)တွင် အမျိုးသား၊ အမျိုးသမီး ကီလိုတန်းအလိုက် အတိုက်ရှုံးထွက်ပွဲစဉ်များ၊ ပတ်လည်ပွဲစဉ်များ၊ တတိယလုပွဲများနှင့် ဗိုလ်လုပွဲစဉ်များကို အသီးသီးယှဉ်ပြိုင်ကစားပြီး အားကစားအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်ဂျူဒိုကော်မတီမှ တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အလားတူ တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(B)တွင် အမျိုးသား ကွာတားအဆင့်ပတ်လည်ပွဲစဉ်များကိုလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ(C)၌လည်းကောင်း၊ နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး အားကစားအမျိုးအစား ကီလိုတန်းများအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်လက်ဝှေ့ကော်မတီမှ တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲအဖြစ် ညနေပိုင်းတွင် လေ့ကျင့်ရေးကွင်း(၁)၌ ဒုတိယအဆင့် အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်အဖြစ် အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုးစီ သရေဖြင့်လည်းကောင်း၊ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ဒုတိယအဆင့် အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်အဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ငါးဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြပြီး အကြိုဗိုလ်လုပွဲများသို့ တက်ရောက်ခဲ့ကြသည်။




၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ပြိုင်ပွဲအမျိုးအစားအလိုက် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

အကြိုဗိုလ်လုပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး စခန်းမှူးရုံးကိုယ်စားပြုအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနား တက်ရောက်လာကြသူများကို တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးရေးရာနှင့် ဆက်စပ်အဖွဲ့အစည်းများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲအရာရှိကြီးများ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများကို တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ အနုပညာရှင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးဌာနခွဲကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးဌာနခွဲကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်စဉ်။

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။**(မိုး/ဇလ)**

# ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းများ စတင်ကောက်ယူ



နတ်တလင်းမြို့နယ် နတ်တလင်း(ပြန်/ဆက်)



မိုးညှိမြို့နယ် ကိုမင်း(ပြန်/ဆက်)



ပုလောမြို့နယ် အေးအေးမော်(ပုလော)



ကော့သောင်းမြို့နယ် ခရိုင်(ပြန်/ဆက်)



ကျောင်းကုန်းမြို့နယ် ဝင်းကြိုင်(ပြန်/ဆက်)



မင်းလှမြို့နယ် မြို့နယ်(ပြန်/ဆက်)



အိမ်မဲမြို့နယ် ချစ်သက်လယ်



ပြည်မြို့နယ် ကိုဆက်(ပြန်/ဆက်)



ကျိုက်ထိုမြို့နယ် မြို့နယ်(ပြန်/ဆက်)



သထုံမြို့နယ် ခရိုင်(ပြန်/ဆက်)



ဘီးလင်းမြို့နယ် မြို့နယ်(ပြန်/ဆက်)



ရွှေပြည်သာမြို့နယ် မြို့နယ်(ပြန်/ဆက်)



အင်းစိန်မြို့နယ် မြို့နယ်(ပြန်/ဆက်)



သုံးခွမြို့နယ် စည်သူလင်း(ပြန်/ဆက်)



အုတ်ဖိုမြို့နယ် အောင်သူ(အုတ်ဖို)

# တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြား



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများကို အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များက လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့တွင်၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ မိုးရာသီစခန်းချ လေ့ကျင့်ရေးသင်တန်းဖွင့်ပွဲများကို နေပြည်တော်ကောင်စီနယ်မြေတွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၊ မိုင်းမောမြို့တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင်လည်းကောင်း နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲများသို့ သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်များနှင့် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ သင်တန်းတာဝန်ခံအရာရှိများ၊ သင်တန်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူက အဖွင့်အမှာစကားများ အသီးသီး ပြောကြားကြသည်။

ထို့နောက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူသည်။

ယခုဖွင့်လှစ်သော သင်တန်းများအနေဖြင့် ပထမနှစ် အခြေခံစစ်ပညာသင်တန်း၊ ဒုတိယနှစ် အခြေခံစစ်ပညာသင်တန်းနှင့် ပထမနှစ် တန်းမြင့်စစ်ပညာသင်တန်းတို့ကို အသီးသီးဖွင့်လှစ်ခဲ့ပြီး သာမန်သင်တန်းချိန်နှင့် စခန်းချလေ့ကျင့်ချိန်အလိုက် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဧဝ၁)

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁**

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်၊ ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင်လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင်လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရောပေးအပ်လှူဒါန်းလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်နေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အလားတူ ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန် ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း၊ တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံး ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန် ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

တိုင်ဖွန်းမုန်တိုင်း ရာဂိအရှိန်ကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်ခဲ့ရာ ပျက်စီးဆုံးရှုံးမှုနှင့် သေဆုံးမှုများအနေဖြင့် အောက်တိုဘာ ၁ ရက် နံနက်ပိုင်း စာရင်းဇယားများအရ ပြည်သူ ၄၃၆ ဦး သေဆုံးခဲ့ပြီး ၆၆ ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ တိရစ္ဆာန်မျိုးစုံ ၁၈၁၄၉၁ ကောင် သေဆုံး၍ စိုက်ကေပျက်စီးဆုံးရှုံးမှုအနေဖြင့် စပါးစိုက်ကေ ၇၉၃၆၁၉ ဧကနှင့် အခြားသီးနှံစိုက်ဧက ၇၃၄၂၄ ဧက ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ရုံး၊ ဌာနအဆောက်အအုံများနှင့် လမ်း တံတားများစွာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ (ဧဝ၁)

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် အောက်တိုဘာ ၁**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)


# ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ၏ သဘောထားထုတ်ပြန်ချက်


၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်

၁။ မိမိတို့ ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီသည် နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်မူကို လက်ခံထားပါသည်။ မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရပြီးသည်မှ ယနေ့ထိ တိုင်းပြည်တစ်ဝန်းတွင် ယမ်းငွေ့များဝေလျက်ရှိပါသည်။ တိုင်းပြည်ငြိမ်းချမ်းမှသာ နိုင်ငံတိုးတက်မည်ဖြစ်သောကြောင့် တိုင်းပြည်ငြိမ်းချမ်းရေးကိုရှေးရှုလျက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခြင်း ပြုလုပ်ခဲ့ပါသည်။

၂။ မိမိတို့နိုင်ငံသည် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၌ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအားနိုင်ငံတော်အာဏာလွှဲအပ်ရန် ဆောင်ရွက်နေသော်လည်း အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းဘဲ အကြမ်းဖက်နည်းနှင့် ဆောင်ရွက်နေသောကြောင့် အပြစ်မဲ့ရဟန်းများ၊ ဝန်ထမ်းများ၊ ပြည်သူများသည် အသက်ဆုံးရှုံးရပြီး နေရပ်စွန့်ခွာ တိမ်းရှောင်နေရသည်မှာလည်း ပြည်သူများအသိပင်ဖြစ်သည်။ ဤကဲ့သို့ အကြမ်းဖက်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ လုပ်ရပ်များကို ပြည်သူများမှ လိုလားမည်မဟုတ်ပါ။

# နိုင်ငံတစ်ဝန်း နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်





နေပြည်တော် အောက်တိုဘာ ၁

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အပူပိုင်းတက်တိမ်များဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့် လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ကရတ်သွန်"မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့ညနေမှ အောက်တိုဘာ ၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**

(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅

(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**

(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉

(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**

(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂

(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**

(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈

(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**

(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉

(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**

(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉

(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**

(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆

(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**

(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆

(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**

(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈

(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**

(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇

(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**

(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅

(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**

(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄

(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုင်းကိုင်မြို့ မိုင်းကိုင်-နမ့်လန်သွားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားရေတိုက်စားမှုကြောင့် ပြိုကျပျက်စီး



မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေတိုက်စား၍ပြိုကျပျက်စီးခဲ့သည့် မိုင်းကိုင်-နမ့်လန်သွားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားကို တွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့တွင် ယနေ့နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နန်းလုံချောင်းရေမြင့်တက်လာပြီး မိုင်းကိုင်-နမ့်လန်သွားလမ်းပေါ်ရှိ တံတားအမှတ် (၃/၉၁)၊ အလျား ပေ ၃၆၀၊ အကျယ် ပေ ၃၀၊ ခံနိုင်ဝန် တန် ၆၀ ရှိ ဆားတော့သံကူကွန်ကရစ်တံတားသည် မွန်းလွဲ ၂ နာရီခန့်တွင် တံတား၏မြောက်ဘက်ခြမ်းရှိချဉ်းကပ်လမ်း အကျယ် ပေ ၃၀၊ အလျား ပေ ၃၀ ရေတိုက်စား၍ ပြိုကျပျက်စီးခဲ့ပြီး ယာဉ်ကြီး/ယာဉ်ငယ်များ ဖြတ်သန်းသွားလာမှုရပ်တန့်ခဲ့ရကြောင်း သိရသည်။



မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေတိုက်စား၍ ပြိုကျပျက်စီးခဲ့သည့် မိုင်းကိုင်-နမ့်လန် သွားလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတားကို တွေ့ရစဉ်။

အဆိုပါ ရေတိုက်စားမှုကြောင့် ချဉ်းကပ်လမ်းပျက်စီးခဲ့သည့် သံကူကွန်ကရစ်တံတားကို မိုင်းကိုင်မြို့နယ် လမ်း/တံတားဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက အများပြည်သူများ ဖြတ်သန်းသွားလာနိုင်ရေးအတွက် အမြန်ဆုံး ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဌာန)

# ကောလင်းမြို့နယ် ဥက္ကံကျေးရွာကို လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှု ပြည်သူ ခုနစ်ဦး သေဆုံးကြောင်း သတင်းတုသတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် အောက်တိုဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ဥက္ကံကျေးရွာ အရှေ့အိုင်ကြီးလမ်းခွဲနေရာကို လေကြောင်းဖြင့်ဗုံးကြဲချတိုက်ခိုက်ခဲ့ရာ ပြည်သူအချို့သေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတုသတင်းမှားများဖြင့် ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦးနှင့် လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ အဆိုပါသတင်းမှာသတင်းမှားသာဖြစ်ပြီး မှန်ကန်မှုမရှိကြောင်း၊ အကြမ်းဖက်သမားများ၏ လူမဆန်သည့်လုပ်ရပ်များကြောင့် အားပေးထောက်ခံမှုမရှိတော့သည့် ကျေးရွာများကို အကြမ်းဖက်သမားများက အကြောက်တရားများလွှမ်းမိုးလာစေရန် လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အရပ်သားပြည်သူအချို့ ထိခိုက်သေဆုံးခဲ့ရပြီး နေအိမ်များ မီးလောင်ပျက်စီးခဲ့ရကြောင်း၊ ထိုသို့လုပ်ဆောင်နေသည့် အကြမ်းဖက်သမားများအား တပ်မတော်က ထိရောက်စွာတိုက်ခိုက် ချေမှုန်းလျက်ရှိကြောင်းနှင့် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက တပ်မတော်နှင့် ပြည်သူအကြား သပ်လျှိုသွေးခွဲရန်နှင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ပေးရန်အတွက် ယခုကဲ့သို့မဟုတ်မမှန်သည့် သတင်းမှားများဖြင့် လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရှိရသည်။ (ဌာန)



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကိုလူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုအကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရသိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်း ခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Zaw Min Oo 4383" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေကျောင်ကျေးရွာနေ ဝင်းဇော်ထွန်းကို ည ၈ နာရီ ၂၅ မိနစ်တွင် အောင်မြေသာစံမြို့နယ် အမှတ်(၂)နယ်မြေရဲစခန်း၌ ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကိုဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (ဌာန)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင်FM၏ "ပြည်သူ့ကြားကပြည့်သူ့စကား" အစီအစဉ်မှ "**တတ်စွမ်းသမျှ ရေဘေးကူ၊ ငါတို့လူမျိုး တူနိုင်ရိုးလား**" ခေါင်းစဉ်ဖြင့် ၂-၁၀-၂၀၂၄ ရက်(**ယနေ့**)မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "**အစိုးရရဲ့ကမ်းလှမ်းမှုမှာ PDF တွေ ဘာဆက်လုပ်သင့်လဲ**" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီ မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့်ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၁

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ဝတ္ထုတိုကဏ္ဍ

# ချမ်းမြေ့သည့်ဘဝလေးသို့

ကိုရွှေတောသား(ဆင်ကူး)



(၁)

"ရင်ကိုခွဲပြီး အသည်းကိုပေးရတာ ထင်သလောက် လွယ်တယ်ထင်သလား မြဒါလီ။ ငါ့လိုအရှုံးသမား တစ်ယောက်အတွက်ကတော့ မဆန်းတော့ဘူးလေ။ တကယ်တော့ ငါက သေနေတဲ့လူပါ။ ဟုတ်တယ် ငါက အသက်ရှင်လျက်သေနေတဲ့လူ။ အရှင်လတ်လတ် ငရဲကျနေတဲ့လူ"

တိမ်ညိုတိမ်မည်းများက ကောင်းကင်၌ တရိပ်ရိပ် ပြေးနေ၏။ အနောက်ဘက်ယွန်းယွန်းဆီတွင် မိုးရိပ် များ မြင်နေရသည်။ သူသည် ရွေ့လျားနေသည့်တိမ် များကိုကြည့်လျက် ဝန်ခံနေမိသည်။ သို့တိုင် မြဒါလီ ၏သွင်ပြင်သည် မလှုပ်မယှက် ပကတိငြိမ်သက် လျက်ရှိသည်။

"ငါ့အချစ်မှာ အတ္တတွေမပါဘူး မြဒါလီ။ ငါက ချစ်တဲ့သူကို ပျော်စေချင်တာ၊ ချစ်တဲ့သူပျော်နေတာ ကိုပဲ မြင်ချင်တာ။ ငါနဲ့နေခဲ့တဲ့သက်တမ်းတစ်လျှောက် မှာ ဘာတွေများ စိတ်တိုင်းမကျ၊ အလိုမကျတာတွေ ရှိခဲ့ဖူးလို့လဲ မြဒါလီရယ်"

မြဒါလီသည် မည်သို့မျှပြန်မဖြေ။ သူ့ကိုကျောခိုင်း လျက်ရှိနေသည်။

"ငါ နင့်ကို ဘယ်လိုတွေဂရုစိုက်ခဲ့တယ်၊ ဘယ်လို တွေရှာဖွေကျွေးခဲ့တယ်ဆိုတာ နင်အသိဆုံးပါ မြဒါလီ ရယ်။ ဒါပေမဲ့ဟာ အခု ငါဘာတွေပြန်ရခဲ့လဲ။ နင့်ရဲ့ သစ္စာဖောက်မှုတွေ၊ အကြင်နာတရားမဲ့မှုတွေပဲ ငါပြန် ရခဲ့တာ။ တော်ပါပြီ မြဒါလီ တော်ပါပြီ။ ငါအရှုံးပေး ပါပြီ။ နင်သွားလိုရာသွားပါတော့။ ငါ ကလေးတွေနဲ့ ကျန်ခဲ့ပါရစေတော့"

ပြောပြီးသည်နှင့် သူက လှည့်ပြန်ရန်ပြင်သည်။ မိုးသည်လည်း ရုတ်တရက်ရွာလာသည်။ သူတို့နှစ်ဦး စလုံး မိုးရေထဲ၌ ရှိနေကြဆဲဖြစ်သည်။

"ခွင့်လွှတ်ပါလို့ မတောင်းဆိုပါဘူး အစ်ကိုရယ် မြဒါလီ သိပါတယ်။ ဒါပေမဲ့ အစ်ကိုကော ကလေးတွေ ကော ကျန်းမာရေးဂရုစိုက်ပါနော် ''

မိုးနှင့်အတူ သဲ့သဲ့ကြားလိုက်ရသည့် မြဒါလီ စကားက သူ့အတွက် နှုတ်ဆက်စကားသာ ဖြစ်တော့သည်။

(၂)

ယခင်က ဆိုးတူကောင်းဖက်ဖြင့် နေလာခဲ့ကြ သည့်အိမ်ကလေးသည် ယခုအခါတိတ်ဆိတ်ငြိမ်သက် လျက်ရှိလေသည်။ မရှိခဲ့ဖူးသည့်ပုလင်းခွံများ အိမ်ရှေ့ ဧည့်ခန်း၌ပင်မကျန် ဟိုနေရာတစ်လုံး၊ သည်နေရာ တစ်လုံးဖြင့် ပြန့်ကြဲနေသည်။ မီးဖိုချောင်ကလေး လည်း အသက်ဝင်ခြင်းကင်းမဲ့ကာ မီးခိုးများတိတ် နေခဲ့သည်။

"ဟေ့ကောင် ငစိုး မင်း မင်း"

တစ်ယောက်တည်း အရက်ပုလင်းရှေ့ချလျက် သောက်ရင်း အတွေးလွန်နေချိန် ရဲနောင် ရောက်လာ ခြင်းဖြစ်သည်။ အရက်မသောက်တတ်သည့်သူ့ကို ရဲနောင်က အံ့သြတကြီး ကြည့်နေသည်။

"လက်စသတ်တော့ ငါ့ကောင်က တကယ့် ခွက်ပုန်းကြီးကိုးကွ ဟား ဟား ဟား"

ပြောပြောဆိုဆို သူ့စကားကိုသူ သဘောကျစွာ ရယ်နေသည့် ရဲနောင်ကို သူကြည့်နေမိသည်။

"လာကွ ရဲနောင်၊ ဘာရယ်မဟုတ်ပါဘူးကွာ။ ငါလဲ တစ်ခါတလေလေး နည်းနည်းပါးပါးလေး သောက်ကြည့်တာပါကွာ။ ကဲ မင်းလဲ ဆွဲကွာ"

အရက်ခွက်ကို ဖြည့်ပေးရင်း စိုးမောင်ပြောလိုက် သည်။ ပြောင်းလဲသွားသည့်သူ့ကို မယုံကြည်နိုင်စွာ ဖြစ်နေသည့် ရဲနောင်ကို စိုးမောင်ပြုံးပြလိုက်သည်။ ရဲနောင်နှင့်သူက ငယ်ငယ်ကတည်းက ပေါင်းသင်းလာ ကြသည့် ငယ်သူငယ်ချင်းများဖြစ်သည်။

"ငါ စိတ်မကောင်းပါဘူး ငစိုးရာ။ ဒါပေမဲ့ မင်း မင်းကွာ"

"ဘာမှ စိတ်မကောင်းမဖြစ်နဲ့ရဲနောင်။ ငါ့ဘဝက ဒီလိုဖြစ်လာဖို့ ကံပါလာတာနေမှာပါကွာ"

"ငစိုး ကလေးတွေကော"

"ကျောင်းဖွင့်ရက်လေ ရဲနောင်ရ ကျောင်းသွား ကြတာပေ့ါ"

"အေးအေး ကောင်းတယ်ကောင်းတယ်။ ကလေး တွေပညာရေးတော့ ဦးစားပေးပါ ငစိုးရာ။ မင်းလဲ အရက်တွေမသောက်သင့်တော့ဘူး။ ကိုယ့်အပေါ် မကောင်းတဲ့မိန်းမတစ်ယောက်အတွက်နဲ့ ကိုယ့်ဘဝ ကို အပျက်စီးမခံပါနဲ့ငစိုးရာ။ ဒီမှာ ငစိုး ငါပြောပြမယ်။ မင်းမှာ မင်းကိုအမှီပြုပြီးနေကြရတဲ့ သားတွေသမီး တွေရှိနေသေးတယ်လေကွာ။ ဒီကလေးတွေရှေ့ရေး အတွက် အရင်ကထက်ပိုပြီး မင်း ကြိုးစားရတော့မှာ မဟုတ်လား။ မင်းအခုလို သောက်စားမူးရူးနေပြီး အချိန်ကုန်နေရင် မင်းရဲ့ သားသမီးတွေ ဒုက္ခရောက် ကုန်လိမ့်မယ်နော်"

ရဲနောင်ပြောသမျှ စိုးမောင် စဉ်းစားမိသည်။ ခေါင်းညိတ်၍ ထောက်ခံလိုက်သည်။ သူ့ရင်ထဲဆို့နင့် လာရသည်။ သူ့ပါးပြင်တွင် မျက်ရည်များစီးဆင်း ကျလာသည်။

"ငါလဲ စိတ်မကောင်းပါဘူး ငစိုးရာ။ ဒါနဲ့ မင်း ကလေးတွေနဲ့ စားဝတ်နေရေးကော အဆင်ပြေရဲ့ လား။ မင်း အခုဘာတွေလုပ်နေလဲ"

"အလုပ်တော့ မည်မည်ရရမရှိပါဘူးကွာ။ ငါဈေး ရောင်းနေတာ။ ရာသီဥတုသာယာနေရင်တော့ ဈေး ရောင်းရတာမဆိုးပါဘူးကွာ။ အခုလို မိုးရွာတဲ့ရက်တွေ ဆိုရင်တော့ အဆင်မပြေဘူး ရဲနောင်ရာ"

"အေး ငါတွေးမိပါတယ်။ ငါအခု မင်းကို အလုပ် လာခေါ်တာ ပုံမှန်ဝင်ငွေရမယ်။ မင်းအတွက်လဲ မခက်လောက်ပါဘူး"

"ဘာအလုပ်လဲ"

"ကုန်တင်၊ ကုန်ချ"

အလုပ်အတွက် သိလိုသမျှ သူမေးလိုက်သည်။ အဆင်ပြေနိုင်သည့်အတွက် စိုးမောင် အလုပ်ဝင်မည် ဟု ရဲနောင်ကို ပြောလိုက်သည်။

(၃)

"ဖေဖေ သား စပိုက်ဒါမန်းဝတ်စုံလိုချင်လို့"

"ဟဲ့ မောင်လေး ဖေဖေ့မှာ ပိုက်ဆံရှိမှန်း၊ မရှိ မှန်းမသိဘဲနဲ့ ပူဆာနေရသလား"

အလတ်ကောင်စကားကို အကြီးမက ဟန့်တား လိုက်သည်။ သားအငယ်ကောင်က တစ်ခုခုပြောရန် ပြင်နေသည်။ အလုပ်ကအပြန် ရလာခဲ့သည့်ပိုက်ဆံ များကို ရေတွက်ကြည့်နေသည်။ အလုပ်ခွင်ထဲ၌ စိုးမောင်ပင်ပန်းခဲ့သည်။ ရရှိသည့်ဝင်ငွေသည် အခြား အလုပ်များထက်ပိုရလေသည်။ မိသားစုစားဝတ်နေ ရေးအတွက် အပူပင်မရှိ စားသောက်နိုင်ခဲ့သည်။

"ဖေဖေ ဖေဖေအရမ်းပင်ပန်းလာမှာပဲနော်"

သူပြုံးပြလိုက်သည်။ အလိုက်သိလှသည့် သမီးကြီးက ရေတစ်ခွက်ခပ်ပေးရင်း ပြောလိုက် ခြင်းဖြစ်သည်။

"သမီး ဘာချက်လဲ"

"ကန်စွန်းရွက်ကြော်၊ ငါးပိရည်တို့စရာ"

"သမီးတို့ စားပြီးကြပြီလား"

"အားလုံးပြီးပြီ ဖေဖေ"

"ကလေးတွေစားနိုင်ကြရဲ့လားသမီးရဲ့။ ဟင်း လေးဘာလေး ဝယ်ချက်လေ။ သမီးကို ဖေဖေပိုက်ဆံ တွေ ပေးထားတာကို"

"ဖေဖေရယ် ဖေဖေ့ကိုသနားလို့ သမီး ပိုက်ဆံတွေ မသုံးရက်လို့ပါ"

သမီးဖြစ်သူစကားကြောင့် သူ့ရင်ထဲဆို့နင့်လာရ သည်။ လိမ္မာလှသည့်သမီးဖြစ်သူကို သူ ငေးကြည့်မိ သည်။ ၁၃ နှစ်အရွယ် သမီးဖြစ်သူသည် သူ့မအေနှင့် ရုပ်ချင်းတူသလို အသံချင်းလည်းတူသည်။ သို့ပါ သော်လည်း မအေဖြစ်သူသည် တစ်ကိုယ်ကောင်းဆန် သည်။ သူလိုချင်ရာ၊ သူဖြစ်ချင်ရာသာ ဦးစားပေးသည်။ သူလိုတာကို မရ ရအောင် ဖန်တီးယူတတ်လေသည်။

(၄)

"ကဲ ကဲ သားတို့ သမီးတို့ရေ လာကြည့်ကြ ပါအုံးကွ''

အိမ်ရောက်ရောက်ချင်း သားသမီးများကို သူ ခေါ်လိုက်သည်။ သူဝယ်လာသည့်ပစ္စည်းများကို တစ်ယောက်ချင်းစီ ပေးလိုက်သည်။

"ဟာ"

"ဟေး ဒါမှ တို့ဖေဖေကွ"

"ဖေဖေရယ်"

အံ့သြဝမ်းသာသွားကြသည့် သားသမီးများကို ကြည့်ရင်း စိုးမောင်ရင်ထဲ အပျော်ကြီးပျော်နေသည်။

"ဖေဖေရယ် ပိုက်ဆံတွေအများကြီးကုန်မှာပေ့ါ။ ဘာလို့ ဝယ်လာတာလဲ ဖေဖေရယ်''

သနပ်ခါးအမွှေးနံ့သာဘူးများကိုကြည့်ရင်း သမီး ဖြစ်သူက ပြောသည်။ သားနှစ်ယောက်သည် တစ် ယောက်က စပိုက်ဒါမန်းအင်္ကျီရ၍ ချက်ချင်းဖောက်၊ ချက်ချင်းဝတ်ကာ သိုင်းကစားတမ်းဆော့နေသလို သားငယ်လေးကလည်း သံပတ်ကားကလေးများဖြင့် ဆော့ကာ ပြုံးပျော်နေသည်။

"ရပါတယ် သမီးရယ်။ ဖေဖေ့မှာ ပိုက်ဆံတွေ အများကြီးရှိပါတယ်။ ဖေဖေ့သမီးလေးက အရွယ် ရောက်လာပြီဆိုတော့ ဖြစ်ကတတ်ဆန်းလဲ မနေနဲ့ တော့နော်။ ပြင်ပြင်ဆင်ဆင်လေးနေ ခြယ်ခြယ်သသ လေးလဲနေအုံး။ ရုပ်ကလေးလှရဲ့သားနဲ့ ''

"ဟာ ဖေဖေကလဲ ဘာမှန်းလဲမသိဘူး"

ရှက်ကိုးရှက်ကန်းဖြစ်သွားသည့် သမီးဖြစ်သူကို သူသဘောကျစွာ ပြုံးပြုံးကြီး ကြည့်နေမိသည်။ သားသမီးများ လိုအပ်တာမှန်သမျှ မပူဆာရပါဘဲ သူဖြည့်ဆည်းပေးခဲ့သည်။ အလုပ်များလည်းကြိုးကြိုး စားစားလုပ်ကိုင်ခဲ့သည်။

(၅)

"ကို... ကိုစိုးမောင်"

"ဟင် မြ... မြဒါလီ"

ရုတ်တရက် မြင်လိုက်ရသည့်မြင်ကွင်းက မယုံ ကြည်နိုင်စွာဖြစ်ရလေသည်။ ဟိုးယခင်က အသား ဖြူဖြူ၊ ကိုယ်ထည်ပြည့်ပြည့်ဖြင့် ကျက်သရေရှိစွာ လှပသော မြဒါလီသည် ယခုအခါ ထိုသို့မဟုတ်တော့ ချေ။ ပိန်လှီ၍ အသားအရေက မွဲခြောက်နေသည်။ အရွယ်နှင့်မလိုက်စွာ အိုစာသွားသည့် မြဒါလီကို ကြည့်ရင်း စိုးမောင်ရင်ထဲ ထိန်းရခက်စွာပင် မျက်ရည် ဝဲမိသည်။ သူ့ကိုငေးကြည့်နေသည့် မြဒါလီ၏မျက်ဝန်း များက သူ့ကိုရင်မဆိုင်ရဲစွာ မျက်နှာလွှဲထားသည်။ သူ့ပါးပြင်၌စီးကျလာသော မျက်ရည်များကို မြဒါလီ မမြင်ရန်လည်း ကွယ်ဝှက်နေမိသည်။

"အခု ဘယ်မှာနေတာလဲ"

"အမေ့အိမ်မှာပဲ"

"သြော်...မြဒါလီ အမှားကြီးမှားသွားတယ်။ ကိုစိုး မောင်ရယ်။ ကိုစိုးမောင်ပြောသလိုပဲ သူချစ်တာက မြဒါလီကိုမဟုတ်ဘူး။ မြဒါလီရဲ့အလှ၊ မြဒါလီရဲ့ခန္ဓာ ကိုယ်ကိုပဲချစ်တာ။ သူ့ရဲ့ မစစ်မှန်တဲ့အချစ်တွေကို မြဒါလီယုံစားခဲ့မိတာ။ ဒါကလဲ မြဒါလီရဲ့ ကိုယ့်ခင်ပွန်း အပေါ်မှာ ဖောက်ဖျက်ခဲ့တဲ့၊ သစ္စာမရှိတဲ့လုပ်ရပ်တွေရဲ့ တန်ရာတန်ကြေးတွေပဲဖြစ်မှာပါ။ မြဒါလီ အမှားတွေ အတွက် ပေးဆပ်ရတာပဲနေမှာ"

ရှင်းပြနေခြင်းလား၊ စကားရှာပြောနေခြင်းလား သူနားမလည်တော့ပေ။ သူ့ရင်ထဲ ဆို့နင့်နေသည်။

"မြဒါလီ ကလေးတွေကို ခဏခဏ လာကြည့်မိ တယ်။ ဒါပေမဲ့ မြဒါလီကိုတော့ ကလေးတွေက

စာမျက်နှာ ၂၆ သို့ ➤

# ကျုံပျော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၂၉၈ ဧက စိုက်ပျိုးပြီးစီး



**ကျုံပျော် အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၂၉၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း လျာထား ၁၂၉၈ ဧကကို ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ဧကအားလုံးရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကျုံပျော်မြို့နယ်အတွင်း ဖူးစားပြောင်း ၁၂၉၈ ဧက စိုက်ပျိုးခဲ့ပါတယ်။ တောင်သူတွေအတွက် ပြောင်းသီးနှံဟာ နှစ်စဉ်နှစ်တိုင်း စိုက်နေကျ သီးနှံဖြစ်တဲ့အတွက် စိုက်ပျိုးဖို့က အခက်အခဲမရှိပါဘူး။ ပိုးမွှားအန္တရာယ်နဲ့ပတ်သက်လို့လဲ ရုတ်တရက်ကျရောက်ရင် ဖြေရှင်းဖို့ကိုလဲ သင်တန်းတွေ ပေးထားပြီးဖြစ်ပါတယ်။ ပြောင်းသီးနှံတွေအပါအဝင် ဆောင်းမှာစိုက်မဲ့သီးနှံအားလုံးကို လျာထားချက်ပြည့်မီဖို့အတွက် စိုက်ပျိုးရေးဦးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနဲ့ အခြားဆက်စပ်ဌာနတွေနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ပါတယ်"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် ဖူးစားပြောင်းများကို စနစ်တကျ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက မြေဆီလွှာပြုပြင်ရေး နည်းစနစ်များ၊ မျိုးစေ့ရွေးချယ်မှု မှန်ကန်စေရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေး၊ ပိုးသတ်ဆေးနှင့် သဘာဝမြေသြဇာသုံးစွဲမှု စနစ်တကျရှိစေရေး၊ အပင်အားဆေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ကြိုတင် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကံမမြို့နယ် ကံစုကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ကံမ အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကံစုကျေးရွာတွင် ကွန်ကရစ်ဘီးလမ်းခင်းခြင်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကံမမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကံစုကျေးရွာတွင်းလမ်း တစ်ဖက်လျှင် အရှည်ပေ ၁၂၈၀၊ အကျယ်လေးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ကွန်ကရစ်ဘီးလမ်းခင်းရာတွင်သတ်မှတ်ထားသော စံချိန်စံနှုန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကံမမြို့နယ် ကံစုကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် တစ်သန်း စုစုပေါင်း ငွေကျပ် ၁၆ သန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဩဂုတ်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၂ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အိပိုးပိုး**

## မျိုးဆက်သစ်အင်အားဖြင့်

- မြန်ပြည်ထောင် အစဉ်အဆက်
ဘဝင်မပျက် ကြွားလိုလျှင်၊
မျိုးဆက်တွေ အင်အားကို
ထင်ရှားမြှင့်တင်၊
ယုယလို့ ထွေးပိုက်ကြင်
အရေးတစိုက်ပင် ပြုပြင်ထိန်း၊
တို့တည်ရာ မြန်မာအရပ်
အနာဂတ်ရွှင်ငြိမ်း။

- ချစ်မေတ္တာ ရင်မှာကိန်း
အစဉ်အလာထိန်းတဲ့ မျိုးဆက်တွေ၊
တို့လူငယ် အပျော်မယွန်းဘဲ
ပေါ်ထွန်းပါစေ၊
ပညာများ လေ့လာလေ
ယနေ့ကမ္ဘာမြေ ပညာခေတ်၊
တတ်သိစုံ ပညာရှိမှ
ဇာတိဂုဏ် မယွန်းစရာ့
ထွန်းပလို့သစ်။

- အမှားမှန် ဝေဖန်စစ်
ဖြေမှန်လှစ်လို့ ဖော်တတ်အောင်၊
ကြီးသူတွေ မှန်းဆလို့
လမ်းပြပို့ဆောင်၊
နေရာပေးဖို့ တွေးကာဆောင်
အရေးအောင်မဲ့ မျိုးဆက်များ၊
တိုင်းပြည်မြန်မာ
လှိုင်းဒီပမာသို့
အညီအညာ မညှိုးအဆက်ဆက်
အိုကွယ်...
တိုးတက်စေတကား။ ။

**လွမ်းလေးကို(သရက်)**

➤ စာမျက်နှာ ၂၅ မှအဆက်

မမှတ်မိကြတော့ဘူး။ ဒါလဲကောင်းပါတယ်။ ကလေးတွေမှတ်မိနေရင် မြဒါလီကိုလဲ စိတ်နာကြမှာ။ ဘာမှအပြစ်မရှိ တဲ့ ကလေးတွေရဲ့ရင်ထဲမှာ အမုန်းတရားတွေမရှိစေချင်ဘူး"

ပြောရင်းပင် မြဒါလီ၏စကားသံများက တိုးသွားသည်။ မပွင့်တပွင့်ပြောနေသော်ငြား သူနားလည်မိသည်။ အစစအရာရာ ပြောင်းလဲသွားသည့် မြဒါလီကို သူသနားနေမိသည်။

"နေကောင်းရဲ့လား မြဒါလီ။ အိမ်ထောင်ရေးက အဆင်မပြေဘူးလား။ အခုဘာတွေလုပ်နေလဲ''

သိချင်သမျှ သူမေးမိသည်။ မြဒါလီက တော်တော်နှင့်ပြန်မဖြေပေ။ ငေးမိငေးရာ ငေးနေသေးသည်။ ပြီးမှ ပြန်ဖြေသည်။

"နှစ်လလောက်ပဲ ပေါင်းလိုက်ရပါတယ်။ ကွဲသွားတာကြာပါပြီ ကိုစိုးမောင်ရယ်။ မြဒါလီလေ နယ်စပ်မှာအခက်ခဲမျိုးစုံနဲ့ ဒုက္ခတွေရောက်နေခဲ့တာ။ တော်သေးတယ် မိဘတွေဆီကို ပြန်လာခွင့်ရအောင် ကံတရားက အခွင့်ရေးပေးခဲ့လို့။ မဟုတ်ရင် မြဒါလီ အခုချိန်ဆို သေနေလောက်ပြီ"

ကြားလိုက်ရသည့်စကားကြောင့် သူစိတ်မကောင်းဖြစ်မိသည်။ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေမိသည်။

"သမီးကြီးက ရှစ်တန်းနဲ့ ကျောင်းထွက်ခဲ့တာဆို သားငယ်နဲ့ သားလတ်ကကော ဘယ်နှတန်းတွေရောက်နေပြီလဲ ကိုစိုးမောင်"

"အင်း အငယ်ကောင်က နှစ်တန်း၊ အလတ်ကောင်က လေးတန်းရောက်နေပြီ ''

''ဩော်...အင်း။ ကိုစိုးမောင် မြဒါလီ အမေ့အတွက်ဆေးလာဝယ်တာ ကြာတောင်ကြာနေပြီ။ အခုလို စကားလက်ခံပြောပေးလို့ ကျေးဇူးတင်ပါတယ်နော်။ မြဒါလီပြန်တော့မယ်"

ပြောပြောဆိုဆိုပင်နှုတ်ဆက်၍ထွက်သွားသည့် မြဒါလီ၏ကျောပြင်လေးကိုငေးကြည့်ရင်း သူ့မှာ ကျန်နေခဲ့တော့သည်။

(၆)

သူ မြဒါလီအပေါ် စိတ်မပျက်နိုင်ပေ။ သူ့ကိုယ်သူ အံ့ဩမိသည်။ မြဒါလီကို ပြန်တွေ့ကတည်းက သူ့ရင်ထဲ သနားနေမိသည်။ ငယ်ချစ်မို့ မမေ့နိုင်သည့်အလား သံယောဇဉ်မပြတ်နိုင်ဖြစ်နေသည်။ အလုပ်က အပြန် မြဒါလီထံသို့ အရောက်သွားမိသည်။

"ဟင် ကို ကိုစိုးမောင် အိမ်ကိုလာတာလား"

သူ ခေါင်းညိတ်ပြလိုက်သည်။

"အလုပ်ကအပြန် ဝင်လာတာလား။ ကုန်တင်ကုန်ချလုပ်နေတာဆို။ ပင်ပန်းလိုက်မဲ့ဖြစ်ခြင်း ကိုစိုးမောင်ရယ်"

အဝတ်အစားများ ပေကျံညစ်နွမ်းနေသည့်သူ့ကိုကြည့်လျက် မြဒါလီက ပြောသည်။

"အစ်ကို လုပ်နိုင်ပါတယ် မပင်ပန်းပါဘူး။ အစ်ကို မြဒါလီနဲ့တွေ့ချင်လို့လာခဲ့တာ"

"ဟင်"

"မြဒါလီ နေကောင်းရဲ့လား"

"အင်း နယ်စပ်မှာကတည်းက ငှက်ဖျားမိလာတာဆိုတော့ ကောင်းလိုက်၊ မကောင်းလိုက်နဲ့ တရှောင်ရှောင်ဖျားနေတာ ဒီလိုပါပဲ ကိုစိုးမောင်ရယ်"

"ခဏလောက် အပြင်ကိုလိုက်ခဲ့ပေးပါလား။ အမေတို့ကိုလဲ ခွင့်တောင်းပြီးပါပြီ။ မြဒါလီလိုက်ဖို့ပဲ လိုတော့တာ"

"ရှင်"

"ကဲပါ လိုက်ခဲ့ရမယ်နော်။ လာပါ အစ်ကို့မှာ ဆိုင်ကယ်လဲပါတယ်"

သူ့ကို မြဒါလီက အံ့ဩစွာကြည့်သည်။ သူ မြဒါလီ၏လက်ကလေးကိုဆွဲခေါ်ရင်း ဆိုင်ကယ်ပေါ်တက်စေသည်။ မြဒါလီ ဆိုင်ကယ်ပေါ်ရောက်သည်နှင့် သူဆိုင်ကယ်စက်နှိုးကာ မောင်းထွက်ခဲ့သည်။ ဆေးခန်းသို့ခေါ်သွားလိုက်သည်။ ဆေးထိုးပေးသည်။ ပြီးသည်နှင့် စားသောက်ဆိုင်တစ်ဆိုင်သို့ဝင်ကာ မြဒါလီကို ထမင်းဝယ်ကျွေးရင်း သူ့ရင်ထဲရှိသမျှသောဖြစ်တည်မှုများကို ပြောပြလိုက်သည်။ နားထောင်နေသည့် မြဒါလီသည် ဘာစကားမှ ပြန်မပြောနိုင်စွာ အံ့ဩနေသည်။ မြဒါလီ၏ ပါးပြင်ထက်၌ မျက်ရည်များစီးကျနေပါသည်။

"ဟိုလေ မြ... မြဒါလီ တရားပွဲမလား ကိုစိုးမောင်ရယ်"

တိုးတိုးကလေးပြောလိုက်သည့် မြဒါလီ၏စကားဖြစ်သည်။ သူ မြဒါလီ၏လက်ကလေးနှစ်ဖက်ကို ယုယစွာဆုပ်ကိုင်လိုက်ရင်းပြောလိုက်သည်။

"လူဆိုတာ အမှားနဲ့မကင်းပါဘူးမြဒါလီရယ်။ မမှားသောရှေ့နေ၊ မသေသောဆေးသမားတဲ့။ အခု မြဒါလီက ကိုယ့်အမှားကို ကိုယ်သိပြီမဟုတ်လား။ အမှားကိုသိရင် မမှားတော့အောင် ဂရုစိုက်ပြင်ဆင်ရမယ်။ ဒီမှာ မြဒါလီ နေ့တိုင်းမဟုတ်တောင် တစ်ခါတလေမေးတတ်တဲ့ ကလေးတွေရဲ့ 'မေမေကောဖေဖေ။ ဖေဖေပြောတော့ တစ်နေ့မေမေပြန်လာမှာဆို'ဆိုတဲ့ ကလေးတွေရဲ့စကားတွေက မေးပါများလာလေလေ အစ်ကို့မှာ ဖြေရခက်လာလေလေပဲ။ အစ်ကိုတို့သားသမီးတွေလဲ အခြားကလေးတွေလိုပဲ ဖအေနဲ့မအေနဲ့ အတူတူနေချင်နေကြတာ။ သမီးလေးလဲ အရွယ်ရောက်လာပြီ မြဒါလီ။ အဲဒီအတွက် သားသမီးတွေအနားမှာ ဖအေကော မအေကော လိုအပ်တယ်၊ ရှိနေသင့်တယ်။ အစ်ကို အားလုံးခွင့်လွှတ်ပါတယ်။ မြဒါလီဘက်ကသာ ဟိုးအရင်တုန်းကလိုပဲ မိသားစုဘဝလေးပြန်လိုချင်တယ်ဆိုရင် အစ်ကို့ဘက်က မြဒါလီကို အမြဲတမ်းကြိုဆိုနေသလို အခုလိုက်မယ်ဆိုရင်လဲ တစ်ခါတည်းပဲ အစ်ကိုခေါ်သွားချင်တယ် မြဒါလီ"

"အစ်ကိုရယ်"

မြဒါလီ၏ ပါးပြင်ထက်၌ စီးဆင်းကျနေသည့် မျက်ရည်များကို သူ တယုတယဖြင့် သုတ်ပေးနေမိသည်။ အိမ်အပြန်လမ်းတွင် မြဒါလီက ဆိုင်ကယ်နောက်တွင်ကပ်ထိုင်လျက် လိုက်ပါလာသည်။ အိမ်အရောက်တွင် အစီအရီစောင့်ကြိုနေကြမည့် သားသမီးများက ပြုံးပျော်ရွှင်မြူးနေကြမည်ဆိုသည်ကား အတွေးများဖြင့် သူ့မှာ မှန်းဆရင်း ကြည်နူးပျော်ရွှင်နေတော့သည်။

# ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၅၀၁၆၂ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၅၀၁၆၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၃၈၄၃၇ ဧကနှင့် ကျွန်းလှမြို့နယ်တွင် ၁၁၇၂၅ ဧက စုစုပေါင်း ၅၀၁၆၂ ဧကဖြစ်ကြောင်း သိရသည်။

" ကန့်ဘလူခရိုင်မှာ ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ မတ်ပဲ ၅၀၁၆၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်သွားပါမယ်" ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြသည်။

ကန့်ဘလူခရိုင်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက်လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ စသည်တို့ကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့်ပူးပေါင်းကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# မိုင်းကိုင်မြို့နယ် ဝမ်နားပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများစစ်ဆေး

**မိုင်းကိုင် အောက်တိုဘာ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ဖွီးကျေးရွာအုပ်စု ဝမ်နားပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းနှင့် တာဝန်ရှိသူများသည် ဝမ်နားပုံကျေးရွာရှိ အသင်းသား၊ အသင်းသူများက စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးထားသည့် စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ/မရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးမှ ကျေးရွာတင်ပြချက်များ အပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူ ၅၂ ဦးကို စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်အတွက် ရန်ပုံငွေကျပ် ၅၁ ဒသမ ၁၅ သန်းကို ထုတ်ချေးပေးခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်**

# အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၂၉၉ ဧက စိုက်ပျိုးပြီးစီး

**မြောင်းမြ အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၂၉၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ လျာထား ၁၂၉၉ ဧကကို ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် သီးနှံစုံ ၁၂၉၉ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးဖြစ်သော သီးနှံစုံ ၁၂၉၉ ဧကတွင် ကန်စွန်း၊ ပိန်း၊ ရုံးပတီ၊ မုန်လာအပါအဝင် ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၂၉၉ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

''အိမ်မဲမြို့နယ်မှာ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီ မြို့နယ်တစ်ခုလုံးအနေနဲ့ မိုးသီးနှံစုံ ၁၂၉၉ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ လျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေမှာ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင်သီးနှံတွေ စိုက်ပျိုးနိုင်ဖို့၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးထားပါတယ်။ ဒီနှစ်မိုးသီးနှံတွေကို ဒေသနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့သီးနှံတွေကို အများဆုံးစိုက်ပျိုးထားပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသည့်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် အခြားအကြောင်းများကြောင့်ပျက်စီးလေလွင့်မှုမရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနက မြေပြင်ကွင်းဆင်းပြီး တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ကျော်ကျော်လင်း**



# သာစည်မြို့နယ် ဆည်ကြီး(မြောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု စစ်ဆေး

**သာစည် အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆည်ကြီး(မြောက်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားသောလုပ်ငန်းများကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် ဆည်ကြီး(မြောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၇ ဒသမ ၇သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆည်ကြီး(မြောက်) ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ဦးရေ ၈၀ကို ရန်ပုံငွေကျပ် ၂၁ ဒသမ ၉၅သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ဦးရေ ၄၀ ကို ရန်ပုံငွေကျပ် ၂၅ ဒသမ ၇၅သန်း စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ငဖဲမြို့နယ် အလယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစ်ဖျားကျေးရွာအုပ်စု အလယ်ကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ၂၉၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အလယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ၂၉၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဇင်မာ**



# ပြည်သူလူထု၏ဆန္ဒကို တရားဥပဒေနှင့်ဖြည့်ဆည်းပါ

ဘုန်းမောင်ဝင်း(ဖျာပုံ)

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံနှင့်ပြည်သူများ ကောင်းကျိုးကို သယ်ပိုးထမ်းဆောင်နေတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့အစဉ်အလာများကို လေ့လာကြည့်မည်ဆိုပါက "ဒို့တာဝန်အရေးသုံးပါးကို အမြဲဦးထိပ်ပန်ဆင်သော တပ်ဖွဲ့ဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်ရှိသော တပ်ဖွဲ့ဖြစ်သည်။ သစ္စာ၊ သမာဓိ၊ သတ္တိနှင့်ပြည့်ဝသော တပ်ဖွဲ့ဖြစ်သည်။ ဇွဲ၊ လုံ့လ၊ ဝီရိယရှိသော တပ်ဖွဲ့ဖြစ်သည်။ ပြည်သူကိုကူညီရန် အမြဲအသင့်ရှိသော တပ်ဖွဲ့ဖြစ်သည်။ ပြည်သူ၏အကျိုးစီးပွားကို ထာဝစဉ်ကာကွယ်စောင့်ရှောက်နေသော တပ်ဖွဲ့ဖြစ်သည်။ လုပ်ငန်းတာဝန်ပြီးမြောက်ရန် အမြင်လေးမြင်ဖြင့် ထမ်းဆောင်နိုင်သောတပ်ဖွဲ့ဖြစ်သည်။ အရာရာကို တရားဥပဒေနှင့်အညီ တိတိကျကျ မှန်မှန်ကန်ကန် ရပ်တည်ဆောင်ရွက်သောတပ်ဖွဲ့ဖြစ်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ကိုယ်ကျိုးစွန့်လွှတ်တာဝန်ထမ်းရွက်သောတပ်ဖွဲ့ဖြစ်သည်။ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေးအတွက် တက်ကြွစွာထမ်းဆောင်လျက်ရှိသောတပ်ဖွဲ့ဖြစ်သည်။ ပြည်သူလူထုနှင့်စိတ်ရောကိုယ်ပါ ပူးပေါင်းဆောင်ရွက်သော တပ်ဖွဲ့ဖြစ်သည်။ နိုင်ငံတော်တွင် အရေးကြုံတိုင်း နောင်တော်တပ်မတော်နှင့်အတူ တစ်စိတ်တစ်ဝမ်းတည်းလက်တွဲ၍ ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်ဖွဲ့ဖြစ်သည်"လို့ အစဉ်အလာ (၁၂) ရပ်ရှိပါတယ်။

နှစ်စဉ်အောက်တိုဘာ ၁ ရက်နေ့ဟာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံအမြို့မြို့အနယ်နယ်မှာရှိကြတဲ့ရဲတပ်ဖွဲ့ဝင်တွေဟာ ပြည်သူ့အကျိုးပြုလုပ်ငန်းများ လုပ်ဆောင်နေတာတွေ၊ လူအများရဲ့အသက်ကိုကယ်တင်နိုင်တဲ့ စုပေါင်းသွေးလှူဒါန်းမှုတွေ စတဲ့လှုပ်ရှားဆောင်ရွက်မှုတွေကိုမြင်တွေ့နေရပါတယ်။ သွေးလှူဒါန်းတဲ့နေရာမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေသာမက ရဲတပ်ဖွဲ့ဝင်တွေရဲ့မိသားစုဝင်တွေပါ ပါဝင်လှူဒါန်းခြင်းဖြစ်ပါတယ်။ ဒါ့ပြင် ရဲတပ်ဖွဲ့ဝင်အင်အားများစွာနဲ့ ပြည်သူ့ဆေးရုံတွေမှာ၊ ကျောင်းတွေမှာ သန့်ရှင်းရေးလုပ်ဆောင်တဲ့ မြင်ကွင်းတွေလည်း မြင်တွေ့ရပါတယ်။ ဒါတွေဟာ တကယ့်ကိုကောင်းမွန်လှတဲ့ ပြည်သူ့အကျိုးပြုဆောင်ရွက်ချက်တွေဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်း နေရာဒေသတော်တော်များများမှာ စက်တင်ဘာ ၈ ရက်၊ စက်တင်ဘာ ၉ ရက်၊ စက်တင်ဘာ ၁၀ ရက်နဲ့ ၁၁ ရက်နေ့တွေမှာတော့ နေရာအနှံ့အပြား မိုးအဆက်မပြတ်ရွာသွန်းခဲ့ပါတယ်။ အဲဒီရွာသွန်းမှုတွေကြောင့် ရေကြီးရေလျှံနဲ့မြေပြိုမှုတွေဖြစ်ပြီး အပျက်အစီးတွေများပြားခဲ့ပါတယ်။ ရေဘေးသင့်ဒေသတွေ၊ ပြည်သူတွေကို ကူညီကယ်ဆယ်တာ၊ စောင့်ရှောက်ပေးတာ၊ ပြန်လည်ထူထောင်ရေးအတွက် သန့်ရှင်းရေးလုပ်ငန်းတွေ ဆောင်ရွက်တာ စတဲ့ပြည်သူ့အကျိုးပြုလုပ်ငန်းတွေမှာလဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေဟာ တပ်မတော်သားတွေနဲ့အတူ အခက်ခဲအပင်ပန်းအမျိုးမျိုးခံပြီးဆောင်ရွက်ခဲ့ပါတယ်။ ဒီကနေ့ထိလဲ ဆောင်ရွက်ပေးနေဆဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အမျိုးသား၊ အမျိုးသမီးတွေဟာလဲ ပြည်သူလူထုအတွင်းမှ မွေးဖွားလာတဲ့သားသမီးတွေဖြစ်လို့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေမှာ တက်ကြွစွာပါဝင်ဆောင်ရွက်နေတဲ့မြင်ကွင်းတွေကလဲ အားရဖွယ်ကောင်းလှပါတယ်။

အမှန်တကယ်တော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုတာ မြန်မာနိုင်ငံပြည်သူတွေရဲ့ကောင်းကျိုးကို သယ်ပိုးမဲ့၊ ဆိုးကျိုးတွေကို ကာကွယ်ပေးမဲ့အဖွဲ့ဖြစ်ပါတယ်။ ဒါက အများအလွယ်တကူနားလည်အောင် ပြောတာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှာ ရဲတပ်ရင်း ၂၁ ရင်းနဲ့ စတင်ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်နေ့မှာတော့ ပြည်သူ့ရဲတပ်ဖွဲ့ (People Police Force) လို့အမည်သတ်မှတ်ခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်၊ အောက်တိုဘာ ၁ ရက်နေ့မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (Myanmar Police Force) လို့ အမည်ပြောင်းခဲ့ပါတယ်။ ဒါကြောင့်လည်း နှစ်စဉ်အောက်တိုဘာ ၁ ရက်နေ့ကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ခဲ့တာဟာ အခုဆိုရင်နှစ် ၆၀ ပြည့်တဲ့အချိန်အခါဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ရည်မှန်းချက်တာဝန်တွေကတော့ ပြည်တွင်းလုံခြုံရေးနှင့်ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးတို့ဖြစ်ပါတယ်။ ရည်မှန်းချက်တာဝန် (၄) ရပ်နဲ့အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ လုပ်ငန်းတာဝန်ကြီး (၆) ရပ်အဖြစ် ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီးပြစ်မှုများ စုံစမ်းဖော်ထုတ်တရားစွဲဆိုရေး၊ စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေးဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်ကို တားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးဆိုတာကိုလဲ သတ်မှတ်ထားပါတယ်။ ဒါတွေဟာ နေ့စဉ်နဲ့အမျှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ လုပ်ဆောင်နေကြရတဲ့ လုပ်ငန်းတာဝန်တွေ ဖြစ်ပါတယ်။

> ❖ မြန်မာနိုင်ငံမှာ အများပြည်သူ လူထုတွေဟာ မိမိတို့ရဲ့နေ့စဉ်ဖြတ်သန်းရတဲ့ လူမှုဘဝတွေကို စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနဲ့ ဖြတ်သန်းလိုကြပါတယ်။ အဲဒီလိုဖြတ်သန်းနိုင်ဖို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေက ဆောင်ရွက်နေပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ပြည်သူတွေအနေနဲ့ကလဲ ရဲတပ်ဖွဲ့ဝင်တွေကို ကူညီဆောင်ရွက်ပေးရပါမယ်။ ဒီလိုဆောင်ရွက်နိုင်မှသာ ဒုစရိုက်သမားတွေ ကင်းရှင်းမယ်။ မှုခင်းတွေလျော့နည်းလာပါလိမ့်မယ်။ နေ့စဉ်နေ့တိုင်း ရုပ်မြင်သံကြားနဲ့ သတင်းစာတွေမှာ" အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်''ဆိုတာကို ထုတ်လွှင့်ဖော်ပြပေးနေပါတယ်။ ❖

မြန်မာနိုင်ငံမှာ အများပြည်သူ လူထုတွေဟာ မိမိတို့ရဲ့နေ့စဉ်ဖြတ်သန်းရတဲ့ လူမှုဘဝတွေကို စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနဲ့ဖြတ်သန်းလိုကြပါတယ်။ အဲဒီလိုဖြတ်သန်းနိုင်ဖို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေက ဆောင်ရွက်နေပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ပြည်သူတွေအနေနဲ့ကလဲ ရဲတပ်ဖွဲ့ဝင်တွေကို ကူညီဆောင်ရွက်ပေးရပါမယ်။ ဒီလိုဆောင်ရွက်နိုင်မှသာ ဒုစရိုက်သမားတွေ ကင်းရှင်းမယ်။ မှုခင်းတွေလျော့နည်းလာပါလိမ့်မည်။ နေ့စဉ်နေ့တိုင်း ရုပ်မြင်သံကြားနဲ့သတင်းစာတွေမှာ "အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်''ဆိုတာကို ထုတ်လွှင့်ဖော်ပြပေးနေပါတယ်။

"ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။ ယင်းတို့၏လက်နက်ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။" ဒါကတော့အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူတွေကိုအသိပေးနှိုးဆော်နေတာဖြစ်ပါတယ်။

ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုတွေကြောင့်ပဲ အကြမ်းဖက်အဖျက်သမားတွေရဲ့ သတင်းတွေကိုရရှိနေတာဖြစ်ပါတယ်။ ဒါ့ကြောင့် နယ်မြေဒေသတော်တော်များများ လက်နက်ခဲယမ်းတွေနဲ့အတူ ဖမ်းဆီးရမိမှုတွေဟာ ဖော်မပြနိုင်လောက်အောင် များပြားလှပါတယ်။ အလားတူပါပဲ၊ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုတွေဟာလည်း များပြားလှသလို ဖမ်းဆီးရမိတဲ့တန်ဖိုးကိန်းဂဏန်းတွေကလည်း ဘီလီယံနဲ့ချီပါတယ်။ လူကုန်ကူးမှုတိုက်ဖျက်ရေးဆောင်ရွက်ချက်တွေမှာလည်း ဒီအတိုင်းပါပဲ။ မြန်မာအမျိုးသမီးတွေကို ပြည်ပနိုင်ငံခြားသားတွေဆီကို အခကြေးငွေယူပြီးရောင်းစားလိုက်လို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ကယ်တင်ခဲ့ရတာတွေ၊ တရားခံတွေကို လူကုန်ကူးမှုနဲ့တရားစွဲဆိုခဲ့တာတွေဟာလည်း များပြားလှပါတယ်။ အင်တာနက်ကနေ ပြည်ပအလုပ်အကိုင်လိမ်လည်မှုတွေကြောင့် ဒုက္ခကြုံတွေ့ရတဲ့သူတွေကို ကယ်တင်ရာမှာလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပါဝင် ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုတွေဆောင်ရွက်နိုင်ဖို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ လုပ်ငန်းစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်နဲ့ စစ်ရေးစွမ်းရည်ဆိုတဲ့စွမ်းရည် (၄)ရပ်နဲ့ပြည့်စုံအောင်ဖြည့်ကြရပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ အား ၁၁ ပါးနဲ့လည်း ပြည့်စုံနေအောင်မွေးမြူကြရပါတယ်။ အဲဒီအား ၁၁ ပါးကို ဖော်ပြရမယ်ဆိုရင် သစ္စာ၊ သမာဓိ၊ သတ္တိပြည့်ဝမှု၊ အမိန့်နာခံမှု၊ စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းကောင်းမွန်မှု၊ လေ့ကျင့်သားပြည့်ဝမှု၊ စွမ်းရည် (၄) ရပ်ပြည့်ဝမှု၊ ကျန်းမာကြံ့ခိုင်မှု၊ တရားဥပဒေစိုးမိုးရေးဆောင်ရွက်နိုင်မှု၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းကျွမ်းကျင်မှု၊ ပြည်သူကိုကူညီစောင့်ရှောက်မှုရဲကျင့်ဝတ် ၇၀ ကိုလိုက်နာကျင့်သုံးမှုတို့ပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုတာ တပ်မတော်ရဲ့ ညီနောင်တပ်ဖွဲ့ဆိုလဲ မမှားပါဘူး။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များလိုက်နာရမဲ့ အစဉ်အလာကောင်း (၁၂) ရပ်မှာပါရှိတဲ့ "နိုင်ငံတော်တွင်အရေးကြုံတိုင်း နောင်တော်တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲ၍ ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်ဖွဲ့ဖြစ်သည်"ဆိုတဲ့အချက်နှင့်အညီ တပ်မတော်နှင့်အတူ လက်တွဲပြီး လက်ရှိနိုင်ငံတော်ရဲ့အခြေအနေကို တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ပြည်သူလူထုရဲ့သားသမီးတွေနဲ့ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဖြစ်လို့ပြည်သူ့အပေါ်ကျင့်ဝတ် ၁၀ ပါးကိုလည်း ရဲတပ်ဖွဲ့ဝင်တိုင်းလိုက်နာကြရပါတယ်။ ရဲတပ်ဖွဲ့ဆိုတာ ပြည်သူလူထုကို ဥပဒေနဲ့အညီ ကာကွယ်ဆောင်ရွက်နေရသလို ရဲတပ်ဖွဲ့ဝင်တိုင်းကလဲ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေ၊ အဂတိလိုက်စားမှုဥပဒေ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေဆိုတဲ့ဥပဒေ ၆ ခုကို တိတိကျကျ လိုက်နာကြရပါတယ်။

ဒါ့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ ယဉ်ကျေးသိမ်မွေ့ခြင်း၊ အမိန့်နာခံတတ်ခြင်း၊ သစ္စာရှိခြင်း၊ ထိုးထွင်းသိမြင်တတ်ခြင်း၊ သူရသတ္တိပြည့်စုံခြင်းနဲ့ အရည်အသွေးတောက်ပြောင်ခြင်းဆိုတာတွေဟာ တကယ့်ကိုစွဲစွဲမြဲမြဲရှိနေရမယ့်အရည်အသွေးတွေပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ ဒီအတိုင်းပဲလိုက်နာလုပ်ဆောင်နေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ နိုင်ငံဖြတ်ကျော်မှုခင်းတွေ ဆောင်ရွက်ရာမှာ တစ်နိုင်ငံတည်း သီးခြားဆောင်ရွက်လို့မရတဲ့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ နိုင်ငံတကာရာဇဝတ်မှုနှိမ်နင်းရေးအဖွဲ့ (INTERPOL – International Criminal Police Organization) ကို ၁၉၅၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာလည်းကောင်း၊ အရှေ့တောင်အာရှနိုင်ငံများရဲ့အဖွဲ့ကို ၁၉၉၈ ခုနှစ်၊ မေ ၂၅ ရက်နေ့မှာလည်းကောင်းဝင်ရောက်ခဲ့ပါတယ်။

စာရေးသူဟာ နိုင်ငံသားတစ်ယောက်ဖြစ်တဲ့အတွက် နိုင်ငံသားတစ်ယောက်ရဲ့ခံစားချက်ကို ပြောရမယ်ဆိုရင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က အကြမ်းဖက်အဖျက်သမားတွေကိုဖမ်းဆီးရမိတာ၊ မူးယစ်ဆေးဝါးတွေဖမ်းဆီးရမိတာ စတဲ့သတင်းတွေကြားရတိုင်း အလွန့်အလွန်ပဲဝမ်းသာမိပါတယ်။ ဒါတွေဟာပြည်သူတွေရဲ့ လူမှုစီးပွားဘဝလုံခြုံရေးအတွက်ဆောင်ရွက်ချက်တွေမို့ဝမ်းသာခြင်းဖြစ်ပါတယ်။ မူးယစ်ဆေးဝါးတွေဖမ်းဆီးရမိတိုင်း လူငယ်မောင်မယ်တွေရဲ့အသက်ပေါင်းများစွာ ကယ်တင်လိုက်တာပဲလို့ခံယူထားပါတယ်။ တစ်ခါတစ်ရံမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေရဲ့ဆုံးရှုံးမှုသတင်းတွေကြားရရင် ရင်ထဲမှာခံစားရပါတယ်။ နိုင်ငံ့ကောင်းကျိုးသယ်ပိုးနေကြတဲ့ သူတွေကို ဘေးရန်ကင်းကင်းနဲ့ တာဝန်ကို အောင်အောင်မြင်မြင် ထမ်းဆောင်နေတာမျိုးပဲကြားသိချင်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့စွမ်းဆောင်ချက်တွေအောင်မြင်လေလေ ပြည်သူတွေစိတ်ချမ်းသာမှုရလေလေဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ သတင်းလက်ဦးမှု၊ ပြင်ဆင်မှုလက်ဦးမှု၊ အကောင် အထည်ဖော်လက်ဦးမှုဆိုတဲ့ လက်ဦးမှု (၃) ရပ် ရရှိနိုင်ပါစေ။ မှုခင်းကျဆင်းရေးအမြဲတွေး၊ သက်သာချောင်ချိရေးအမြဲတွေး၊ ပြည်သူကို ကူညီရေးအမြဲတွေးဟူသော မြဲ (၃) မြဲထားရှိနိုင်ပါစေ။ ဥပဒေပြင်ပမှ ဆောင်ရွက်နေသူအားလုံးရဲ့လှုပ်ရှားမှုများကို အမြဲလက်ဦးမှုရယူကာ အောင်ပွဲဆင်နိုင်ပါစေ။ ဥပဒေဘောင်အတွင်း နေထိုင်သူအားလုံးကို အပြည့်အဝကာကွယ်ပေးနိုင်ပါစေ။ အနှစ်ချုပ်ဆိုရသော် ရဲနဲ့ပြည်သူ လက်တွဲကူကာ အကြမ်းဖက်မှန်သမျှတိုက်ဖျက်ခြင်းဖြင့် ပြည်သူလူထုရဲ့ ဆန္ဒကို တရားဥပဒေနှင့်အညီ ဖြည့်ဆည်းရန်ဖြစ်ပါကြောင်း နှစ် ၆၀ မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုရေးသားလိုက်ပါတယ်။

**ကိုးကား**

**– သိမှတ်ဖွယ်ရာဗဟုသုတအဖြာဖြာ ၂၀၂၃ ၊ စာမျက်နှာ–၁၇၇**

# နီပေါနိုင်ငံတွင် ရေကြီးရေလျှံပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်



**ခတ္တမန္ဒူ အောက်တိုဘာ ၁**

နီပေါနိုင်ငံတွင် ရေကြီးရေလျှံပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

နီပေါနိုင်ငံတွင် ရေကြီးရေလျှံပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်နေပြီး ရေကြီးမှုနှင့်ဆက်စပ်သော မြေပြိုမှုများကြောင့် သေဆုံးသူဦးရေ မြင့်တက်လာကြောင်း၊ သေဆုံးသူအများစုသည် မြို့တော်ခတ္တမန္ဒူကဖြစ်ပြီး ဟိမဝန္တာအနီးတစ်ဝိုက်မှာလည်း သေဆုံးသူ ၃၁ ဦးထိရှိလာပြီး ပျောက်ဆုံးနေသူများလည်းရှိသည့်အတွက် သေဆုံးသူဦးရေ မြင့်တက်လာနိုင်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ဒဏ်ရာရရှိသူဦးရေ ၉၆ ဦး ရှိခဲ့ကြောင်း၊ ခတ္တမန္ဒူမြို့မှ ၁၆ ကီလိုမီတာအတွင်းရှိ အဝေးပြေးလမ်းမမြေပြိုမှုကြောင့်လည်း လူဦးရေ ၄၀ ခန့် သေဆုံးခဲ့ကြောင်း၊ ယခုအခါ သေဆုံးသူဦးရေသည် ၁၉၃ ဦးထိရှိလာကြောင်း ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လမ်းပန်းဆက်သွယ်ရေးအတွက် အဓိကကျသော ပရီသဗိအဝေးပြေးလမ်းမကြီးတွင် ပိတ်မိနေသော တောင်ပေါ်ကတောင်ကျရေဖြင့် မျောပါလာသော ကျောက်တုံးများ၊ ရွှံ့များနှင့် သစ်ပင်များကို ဖယ်ရှားကာ လမ်းများကို ယာယီဖွင့်ပေးထားပြီး အိုးမဲ့အိမ်မဲ့ဖြစ်သူများအတွက် ယာယီတဲများဆောက်လုပ်ပေးနေကြောင်း၊ ထို့ပြင် ရေကြီးရေလျှံမှုနှင့်ဆက်စပ်ဖြစ်ပေါ်လာသော မြေပြိုမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ၏ မိသားစုဝင်များနှင့် သေဆုံးသူများ၏ မိသားစုဝင်များအတွက် ငွေကြေးအကူအညီများ ပေးသွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောကြားခဲ့သည်။

နီပေါနိုင်ငံဝန်ကြီးချုပ် ပရာဆက်အိုလီသည် စက်တင်ဘာ ၃၀ ရက်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်ပတ်သက်ပြီး အရေးပေါ်အစည်းအဝေးခေါ်ခဲ့ပြီးနောက် နိုင်ငံတွင်းကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်လာခြင်းဖြစ်သည်။

လုံခြုံရေးနှင့် ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ သည် ရေကြီးရေလျှံမှုနှင့်မြေပြိုပြီးနောက် လမ်းများပေါ်တွင်တင်ကျန်နေသော အမှိုက်နှင့်ရွှံ့နွံများကို ရှင်းလင်းရန် အကြီးစားစက်ကိရိယာများ အသုံးပြုကာ ဆောင်ရွက်နေပြီး ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း ကယ်ဆယ်ရေးအဖွဲ့ဝင်အင်အားတိုးကာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည်ဟု နိုင်ငံအစိုးရက ကြေညာခဲ့ကြောင်း သိရသည်။

Ref : Suptnik News

Trs : KZ

# အိန္ဒိယနိုင်ငံတွင် ယခုနှစ်အတွင်း မိုးရေချိန်အမြင့်ဆုံး မိုးရာသီဖြင့်ရင်ဆိုင်နေရ

**နယူးဒေလီ အောက်တိုဘာ ၁**

အိန္ဒိယနိုင်ငံတွင် ယခုနှစ်မိုးရာသီ၌ မိုးရေချိန်မြင့်မားခဲ့ပြီး မိုးရွာသွန်းမှုမှာ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း မိုးရေချိန်အမြင့်ဆုံးသော မိုးရာသီအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာန(IMD)က ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အိန္ဒိယနိုင်ငံတွင် ဇွန်လမှ စက်တင်ဘာလထိကို မိုးရာသီအဖြစ်သတ်မှတ်ထားပြီး မိုးရာသီအတွင်း မိုးရေချိန်မြင့်မားခဲ့ခြင်းကြောင့် နေရာအနှံ့အပြားတွင် ရေကြီးရေလျှံမှုဖြစ်ပွားကာ စိုက်ပျိုးရေးကဏ္ဍတွင် ကြီးမားသောပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ရေကြီးရေလျှံမှုများကြောင့် နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ထရီလီယံထိ ဆုံးရှုံးနစ်နာမှုများ ရှိခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"၂၀၂၄ ခုနှစ် မိုးရာသီ မိုးရွာသွန်းမှုဟာ မိုးရေချိန်အမြင့်ဆုံးအခြေအနေကို ရောက်ရှိခဲ့ပါတယ်။ ဇူလိုင်လမှာ မိုးရေချိန်ဟာ ၃၃၀ မီလီမီတာ၊ ဩဂုတ်လအတွင်းမှာ ၃၇၈ မီလီမီတာ၊ စက်တင်ဘာလမှာတော့ ၁၆၈ မီလီမီတာထိ မြင့်မားခဲ့ပါတယ်"ဟု အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာန(IMD)က ထုတ်ပြန် သွားခဲ့သည်။

မိုးရာသီအတွင်း ဖြစ်ပေါ်ခဲ့သော ရေဘေးအန္တရာယ်ကြောင့် စပါး၊ ဝါဂွမ်း၊ ပဲပိစပ်၊ ပြောင်းဖူးစိုက်ခင်းများ ပျက်စီးခဲ့ခြင်းကြောင့် စိုက်ပျိုးရေးကဏ္ဍက ကြီးမားသောဆုံးရှုံးမှုဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ကောက်ပဲသီးနှံများရိတ်သိမ်းခါနီးအချိန် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ကောက်ပဲသီးနှံများ ပျက်စီးခဲ့၍ ကောက်ပဲသီးနှံဈေးနှုန်း မြင့်မားလာနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဂရိနိုင်ငံ ကိုရင်ဒေသအတွင်း တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံနှစ်ဦးသေဆုံး

**အေသင် အောက်တိုဘာ ၁**

ဂရိနိုင်ငံ ဂရိနယ်မြေအလယ်ပိုင်း ကိုရင်ဒေသတွင် စက်တင်ဘာ ၃၀ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးလောင်ကျွမ်းမှုသည် လူနေအိမ်များဆီသို့ကူးစက်ခဲ့ပြီးနောက် ဒေသခံနှစ်ဦးသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ဂရိနယ်မြေ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် သေဆုံးခဲ့သူ ဒေသခံနှစ်ဦးကို ရဲတပ်ဖွဲ့က လိုအပ်သော စစ်ဆေးမှုများ ပြုလုပ်လျက်ရှိနေပြီး တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် သေဆုံးခဲ့ခြင်းကို အတည်ပြုနိုင်ရေးအတွက် ဆောင်ရွက်နေကြောင်း ဂရိနယ်မြေရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ရဲအရာရှိဖြစ်သူ ကွန်စတန်တီနာက ပြောကြားသွားခဲ့သည်။

"ကိုရင်ဒေသမှာ တောမီးကူးစက် လောင်ကျွမ်းမှုကြောင့် ဒေသခံနှစ်ယောက် သေဆုံးခဲ့ပါတယ်။ တောမီးကူးစက်လောင်ကျွမ်းလို့ သေဆုံးခဲ့ခြင်းဟုတ်၊ မဟုတ်ကိုလဲ သေချာအတည်ပြုနိုင်ဖို့အတွက် သေဆုံးသူတွေရဲ့ ရုပ်အလောင်းတွေကို လိုအပ်တဲ့ စစ်ဆေးမှုတွေ ပြုလုပ်နေပါတယ်။ သေဆုံးသူတွေကို အတည်ပြုနိုင်ဖို့အတွက် DNA စစ်ဆေးမှုတွေ ပြုလုပ်နေပါတယ်"ဟု ဂရိနယ်မြေရဲတပ်ဖွဲ့မှ ရဲအရာရှိ ကွန်စတန်တီနာက ပြောကြားခဲ့သည်။



တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် ၂၀၀ ကျော်ကို အသုံးပြုထားသကဲ့သို့ လေကြောင်းအကူအညီကိုလည်း ရယူထားသည်။

လေကြောင်းအကူအညီအဖြစ် လေယာဉ်ငယ် ကိုးစီးကို အသုံးပြုထားပြီး ကိုရင်ဒေသအနီးပတ်ဝန်းကျင်ရှိ ကျေးလက်ဒေသများမှ ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားကြောင်း ဂရိနယ်မြေအာဏာပိုင်များက ပြောကြားထားကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဘရာဇီးနိုင်ငံ အမေဇုန်မြစ်၏ အကြီးဆုံး ဆိုလီမိုးစ်မြစ်လက်တက် မြစ်ရေမျက်နှာပြင် ကျဆင်းလာ

**ဘရာဇီးလီးယား အောက်တိုဘာ ၁**

ဘရာဇီးနိုင်ငံ အမေဇုန်မြစ်၏ အကြီးဆုံး ဆိုလီမိုးစ်မြစ်လက်တက်သည် မိုးခေါင်မှုကြောင့် မြစ်ရေမျက်နှာပြင် ကျဆင်းလာကြောင်း နိုင်ငံပိုင်သတင်းမီဒီယာက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဆိုလီမိုးစ် မြစ်လက်တက်သည် မိုးခေါင်မှုကြောင့် ယခုအခါ သဲသောင်များထွန်းနေပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်၍မရသောကြောင့် သောင်တင်နေသည့်လှေ အများအပြားကို မြစ်အတွင်း အတွေ့များလာကြောင်း၊ ၎င်းမြစ်လက်တက်၏ မြစ်ရေမျက်နှာပြင်သည် ကာလရှည်မိုးခေါင်မှုကြောင့် ကျဆင်းသွားခဲ့ပြီး ၎င်းမြစ်ကမ်းနားအနီးတွင်နေထိုင်ကြသော ကျေးရွာများတွင် နေထိုင်သူများ၏ စားဝတ်နေရေး၊ သောက်သုံးရေနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင်လည်း အကျပ်အတည်းများ ဖြစ်ပေါ်နေကြောင်း သိရသည်။

ဆိုလီမိုးစ်မြစ်သည် ကီလိုမီတာ ၁၀၀ ရှည်လျားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလက မြစ်ရေအနက်သည် ၁၀ ပေကျော်ရှိခဲ့ရာမှ ယခုအခါ ဆိုလီမိုးစ်မြစ်၏ ရေအနက်မှာ ၉ ဒသမ၈ ပေသာရှိတော့ကြောင်း အရပ်ဘက်ကာကွယ်ရေးအေဂျင်စီ၏ စစ်တမ်းများအရ သိရသည်။

မိုးခေါင်ရေရှားမှုနှင့် အပူချိန်မြင့်တက်မှုများကြောင့် ဆိုလီမိုးစ်မြစ်ရေ မျက်နှာပြင်သည် လာမည့် ရက်သတ္တပတ်များအတွင်း ပိုမိုကျဆင်းသွားဖွယ်ရှိကြောင်း ရေအရင်းအမြစ်ဆိုင်ရာ လေ့လာရေးအဖွဲ့က ပြောကြားထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ကာဘိုဗာဒီကျွန်းတွင် ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်နိုင်ကြောင်း NHC ထုတ်ပြန်

**ဝါရှင်တန် အောက်တိုဘာ ၁**

အတ္တလန္တိတ် အလယ်ပိုင်းဒေသတစ်ခုဖြစ်သော ကာဘိုဗာဒီကျွန်းနိုင်ငံတွင် လာမည့် ၄၈ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်မည်ဖြစ်ပြီး မုန်တိုင်းဝင်ရောက်တိုက်ခတ်ရန် ရာခိုင်နှုန်းမှာ ၆၀ ရာခိုင်နှုန်းသေချာကြောင်း အမေရိကန်အမျိုးသား ဟာရီကိန်းစင်တာ (NHC) က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်း စတင်ဝင်ရောက်ချိန်တွင် အပူပိုင်းမုန်တိုင်းအသွင်ဖြင့်သာ တိုက်ခတ်ဖွယ်ရှိနေသော်လည်း နာရီပိုင်းအတွင်း ဆိုင်ကလုန်းမုန်တိုင်းအသွင် ကူးပြောင်းသွားနိုင်ကြောင်း အမေရိကန်အမျိုးသားဟာရီကိန်းစင်တာ(NHC)က သတိပေးချက် ထုတ်ပြန်ခဲ့သည်။

"ကာဘိုဗာဒီကျွန်းနိုင်ငံမှာ လာမဲ့ ၄၈ နာရီအတွင်း မုန်တိုင်းဝင်ရောက်ဖွယ် ရှိနေပါတယ်။ မုန်တိုင်းဟာ အပူပိုင်းမုန်တိုင်းအသွင်နဲ့ တိုက်ခတ်ဖွယ်ရှိနေပြီး ကာဘိုဗာဒီကျွန်းကိုဝင်ရောက်ပြီး နာရီပိုင်းအတွင်း ဆိုင်ကလုန်းမုန်တိုင်းအသွင် ကူးပြောင်းမဲ့ လက္ခဏာတွေ တိုင်းတာရရှိထားပါတယ်။ မုန်တိုင်းနဲ့အတူ မိုးရေချိန်မြင့်မားနိုင်ပြီးတော့ လေတိုက်နှုန်းလဲပြင်းထန်လာနိုင်တယ်။ မုန်တိုင်းဝင်ရောက်ဖွယ်ရှိနေတဲ့ ရာခိုင်နှုန်းက ၆၀ ရာခိုင်နှုန်း ဖြစ်ပါတယ်။ မုန်တိုင်းပြင်းအားကလဲ အခြေအနေပေါ်မူတည်ပြီး အချိန်မရွေး ပြောင်းလဲနိုင်ပါတယ်"ဟု NHC က ထုတ်ပြန်ခဲ့သည်။

မုန်တိုင်းကြောင့် မိုးရေချိန်မြင့်မားနိုင်ပြီး လျှပ်စီးလက်ကာ မိုးကြိုးပစ်ခြင်းများလည်း ဖြစ်ပေါ်နိုင်ကြောင်း၊ မုန်တိုင်းနှင့်အတူ လေပြင်း တိုက်ခတ်နိုင်သကဲ့သို့ ကာဘိုဗာဒီကျွန်းရှိ ကမ်းခြေများတွင် လှိုင်းလုံးများကြီးလာနိုင်သည့်အတွက် ကမ်းခြေတွင် အပန်းဖြေအနားယူခြင်းများကိုလည်းတားမြစ်ထားကြောင်း ကာဘိုဗာဒီကျွန်းနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ထားသည်။

Ref : Russia Today

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှသစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**







ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## အမည်ပြောင်း

မိုးကုတ်မြို့၊ ကသဲကျေးရွာအုပ်စု၊ ကမ္ဘာအေးရပ်နေ ဦးမိုးဟန် ၏သား မောင်ဘောက်တာဘာဒူး အား မောင်စိုးသူ ဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။

မောင်စိုးသူ(၉/မကန(နိုင်)၁၂၂၂၇၀)

## ဖခင်အမည်မှန်

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်း၊ အမှတ်(၂၂)အခြေခံပညာအလယ်တန်းကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော မနှင်းဝေမာအောင် ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဇေ ဖြစ်ပါကြောင်း။


ဦးဇေ(၈/နမန(နိုင်)၁၂၃၆၇၈)

#### ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



#### ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ ပိုမိုကောင်းမွန်သည့်လူ့အဖွဲ့အစည်းမှတစ်ဆင့် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများတွင် ဟန်ချက် ညီညီဖွံ့ဖြိုးတိုးတက်နေရန်လိုအပ်...

❖ ပညာရေးသည် အခြေခံဖြစ်သဖြင့် အဓိကကျ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၂၆ ရက်တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည့်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မား တိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ဌာနဆိုင်ရာ အကြီးအကဲများ၊ **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

